ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊ စနေနေ့၊ (24-9-2005)(၄၇၂၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စု စိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

ပို့ဆောင်နှုတ်ဆက်

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် **General Chaisit Shinawatra**ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ ပုဂံ–ညောင်ဦး လေဆိပ်မှ ပြန်လည်ထွက်ခွာရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Chaisit Shinawatra ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၃ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှအထူး လေယာဉ်ဖြင့် ထွက်ခွာလာရာ ညနေ ၄ နာရီ ၁၅ မိနစ်တွင် ပုဂံ–ညောင်ဦးမြို့သို့ ရောက်ရှိကြသည်။

ကြိုဆို

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ပုဂံ–ညောင်ဦးလေဆိပ်တွင် ကြိုဆိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

အမေရိကန်က မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး စွမ်းစွမ်းတမံဆောင်ရွက်ချက်များကို ထပ်မံလျစ်လျူပြု မြန်မာနိုင်ငံသည် ကုလသမဂ္ဂအေဂျင်စီများ၊ သဘောထားတူညီသောကမ္ဘာ့ နိုင်ငံများနှင့် တက်ကြွစွာပူးပေါင်းလျက် မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရန် နိုင်ငံတကာသဘောတူညီချက်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၃

အမေရိကန်သမ္မတက မြန်မာနိုင်ငံသည် လွန်ခဲ့သည့် ၁၂ လအတွင်း နိုင်ငံတကာ မူးယစ်ဆေးဝါးဆိုင်ရာ သဘောတူညီချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း မှားယွင်းစွာ သတ်မှတ်ဖော်ပြခြင်းနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်သည်။ အဆိုပါသတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

သတင်းထုတ်ပြန်ချက်

အမေရိကန်သမ္မတအနေဖြင့် ၂၀၀၆ ခုနှစ်အတွက် တရားမဝင်မူးယစ်ဆေးဝါး အဓိကထုတ်လုပ်သည့်နိုင်ငံများ သို့မဟုတ် ဖြတ်သန်းသယ်ယူပို့ဆောင်သည့် အဓိကနိုင်ငံများ သတ်မှတ်ပြဋ္ဌာန်းချက်ကို ၁၅–၉–၂၀၀၅ ရက်နေ့တွင် အိမ်ဖြူတော်မှ ထုတ်ပြန်ခဲ့ရာ၌ မြန်မာနိုင်ငံသည် လွန်ခဲ့သည့် ၁၂ လအတွင်း နိုင်ငံတကာ မူးယစ်ဆေးဝါးဆိုင်ရာ သဘောတူညီချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း မှားယွင်းစွာ သတ်မှတ် ဖော်ပြခြင်းမှာ လွန်စွာဝမ်းနည်းဖွယ်ရာ ဖြစ်ပါသည်။ ယင်းသို့ သတ်မှတ်ဖော်ပြခြင်းသည် အမေရိကန်ပြည်ထောင်စုက

စာမျက်နှာ ၃ ကော်လံ ၁ သို့ ●

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၄-၉-၂၀၀၅
(စနေနေ့)

ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုတိုးမြှင့် ပြည်သူနှင့်လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်

ယနေ့ကာလသည် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်သောစွမ်းအားဖြင့် နိုင်ငံတော် အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေး၊ တိုင်းရင်းသား ပြည်သူများအားလုံး လူနေမှုအဆင့်မြင့်မားစေရေး လုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်နေသော အချိန်အခါဖြစ်သည်။

အထူးသဖြင့် ယခင်ခေတ်ကာလများက ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့သည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးတည်ဆောက်ဖြည့်ဆည်းပေးလျက် ရှိသကဲ့သို့ ဖွံ့ဖြိုးမှုကွက်လပ် မကျန်စေရေးအတွက်လည်း ဖွံ့ဖြိုးရေးအထူးဒေသကြီးများသတ်မှတ်၍ ဒေသအလိုက်ဖော်ဆောင်ပေးနေသည်ကို တွေ့ရသည်။ ထို့နည်းတူ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကိုပါ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းညွှန်မှုနှင့်အညီ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုချောမွေ့ကောင်းမွန်ရေး၊ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်နေ ပြည်သူများ၏ပညာရေးအဆင့်မြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိရာ ကျေးလက်ဒေသ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကို အလေးထား လုပ်ကိုင်လျက်ရှိသည်။ ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေး အဆင့်မြင့်မားလာစေရေးအတွက် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းများနှင့်အတူ ကျန်းမာရေးဝန်ထမ်းများကလည်း ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်လုပ်ကိုင်လျက်ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန္နီမြို့နယ် နမ့်စလပ်တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲကို စက်တင်ဘာလ ၁၈ ရက်နေ့က ကျင်းပခဲ့သည်။ အဆိုပါတိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဌာနေကိုယ်စားလှယ်နှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး အလှူရှင်များက ဆေးပဒေသာပင် အလှူငွေများနှင့် ဆေးရုံသုံးဆေးဝါးများ လှူဒါန်းကြသည်။

ကျေးလက်ဒေသကျန်းမာရေး စောင့်ရှောက်မှု တိုးတက်ကောင်းမွန်ရေး အထောက်အကူပြု တိုက်နယ်ဆေးရုံသစ်ကို ဖွင့်လှစ်လိုက်ရာ နမ့်စလပ်ကျေးရွာအတွက်သာမက နမ့်စလပ်အနီး ပတ်ဝန်းကျင်ဒေသရှိ ကျေးရွာ ၆၂ ရွာမှ ပြည်သူသုံးသောင်းကျော်ကိုပါ ကျန်းမာရေးစောင့်ရှောက်မှု ပေးသွားနိုင်မည်ဖြစ်သည်။

ယနေ့ကာလတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်နှင့် လူမှုရေး အသင်းအဖွဲ့များ ပူးပေါင်း၍ ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

အထူးသဖြင့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအဆင့်မြင့်မားလာစေရေးအတွက် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဆက်စပ်နေသည့် ဝန်ကြီးဌာနများ ပူးတွဲဆောင်ရွက်လျက်ရှိရာ သန့်ရှင်းသော သောက်သုံးရေများ ရရှိနေကြပြီဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးစသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင် အထည်ဖော်လျက်ရှိရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သော WHO၊ UNICEF၊ FAO စသော အဖွဲ့များထံမှလည်း အကူအညီများရရှိပြီး အဆိုပါအဖွဲ့အစည်းများနှင့်ရင်းနှီးစွာ ပူးပေါင်းလုပ်ကိုင်လျက်ရှိရာ လုပ်ငန်းများ အောင်မြင်မှု ရရှိနေသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ပြည်သူများ ကျန်းမာကြံ့ခိုင် အသက်ရှည်ရေးအတွက် အမျိုးသားကျန်းမာရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်လျက်ရှိရာတွင် ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ တိုးမြှင့်နိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များအားလုံးက ဆက်လက်၍ ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့တွင်းရှိ အခွန်လွတ်ဈေးများ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တွင်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးအတွင်း ဈေးရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယမန်နေ့နံနက် ၆နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ကုန်းမြင့်သာယာ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ စွယ်တော်လမ်းရှိ နဝဒေးကိုယ်တိုင်ထုတ်လုပ်သူများ၏အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ရန်ကင်းကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန် လွတ်ဈေးသို့ လည်းကောင်း၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ တာမွေ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ် ဈေးသို့လည်းကောင်း၊ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ဒဂုံမြို့နယ် ဈေးမြောက်လမ်းရှိ ပန်းတျာ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း သွားရောက်၍ ဈေးများအတွင်း အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ အိမ်သုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ စွမ်းအင်ဝန်ကြီးဌာန၏ ဖယောင်းတိုင် အရောင်းဆိုင်များ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီများနှင့် ကိုယ်တိုင်စိုက်ပျိုး ထုတ်လုပ်သူများ၏ ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင် လီမိတက်၊ ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်း ကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြ ငါးဈေးကြီး၊ MMG JETTY၊ မြန်မာမန်း၊ မန်းမြန်မာ၊ အဏ္ဏဝါကုမ္ပဏီများနှင့် ကိုယ်တိုင်မွေးမြူ ထုတ်လုပ်သူများ၏ ကြက်ဥ၊ ကြက်သား၊ အမဲသား၊ ဆိတ်သား၊ ပင်လယ်ငါးနှင့် ရေချိုငါး အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဆန်နှင့် ကုန်ခြောက်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီအရောင်းဆိုင်များ၊ သမဝါယမ လူသုံးကုန်ပစ္စည်းနှင့် စားအုန်းဆီ အရောင်းဆိုင်များ၊ ရန်ကုန်တိုင်း ကုန်စည်ဒိုင်၏ ကုန်ခြောက်ပစ္စည်း အရောင်းဆိုင်နှင့် ပုဂ္ဂလိက ကုန်ခြောက်ပစ္စည်းနှင့် မီးဖိုချောင်သုံး ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဈေးရောင်းချသူ၊ ဈေးဝယ်ယူသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တပ်ရင်း၊ တပ်ဖွဲ့များအပါအဝင် ကိုယ်တိုင်ထုတ်လုပ်သူများ၏ ဟင်းသီးဟင်းရွက်နှင့် အသား၊ ငါးများ ပိုမိုထုတ်လုပ်ရောင်းချရန်နှင့် သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ အသား၊ ငါးများကို ပြည်သူများ လွယ်လင့်တကူ အဆင်ပြေစွာ ဝယ်ယူစားသုံးနိုင်အောင် စီမံဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီတွင် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၀၅ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက် အမှာစကား ပြောကြားစဉ်။ (ရထား)

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဒုတိယဝန်ကြီး ဦးဖေသန်းတို့က လုပ်ငန်းရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ဖြစ်ပေါ်ခဲ့သော အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး နောက်လာမည့် ကာလတွင် ဂရုပြုဆောင်ရွက်ရမည့်ကိစ္စ များကို မှာကြားကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ကျောင်းအုပ်ကြီးတို့က မိမိတို့ဌာန၊ လုပ်ငန်းအလိုက် လုပ်ငန်းဆိုင်ရာ သုံးသပ်ချက်နှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ပြီး လုပ်ငန်းဆိုင်ရာများ ဖြည့်ဆည်းမှာကြားကာ အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက်အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသည်။
(သတင်းစဉ်)

✪ **ရှေ့ဖုံးမှ**

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပုဂံ–ညောင်ဦး လေဆိပ်မှ မော်တော်ယာဉ်များဖြင့် အာနန္ဒာဘုရားသို့ သွားရောက်ကြပြီး အာနန္ဒာဘုရားအား ဖူးမြော်ကြည်ညိုကြကာ ပန်း၊ ဆီမီးနှင့် ရေချမ်းများ ဆက်ကပ်လှူဒါန်း၍ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်က ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

လှည့်လည်ဖူးမြော်

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် သဗ္ဗညုဘုရားနှင့် ရွှေစည်းခုံစေတီတော်တို့ကို လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်က ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဧည့်သည်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပုဂံ နန်းမြင့်မျှော်စင်သို့ရောက်ရှိကြပြီး နန်းမြင့်မျှော်စင်ပေါ်မှ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၏ ရှုခင်းအလှနှင့် ညနေနေဝင်ဆည်းဆာအလှတို့ကို ကြည့်ရှုကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ည ၇ နာရီတွင် အထူးလေယာဉ် ဖြင့် ပုဂံ–ညောင်ဦးလေဆိပ်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ပုဂံ–ညောင်ဦး လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatraဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များ ပုဂံ–ညောင်ဦး လေဆိပ်သို့ ရောက်ရှိလာရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဆန့်ကျင်ဝေဖန်ချက်များ၊ အများအထင်အမြင်လွဲမှားစေရန် ထိုးနှက်မှုများပြုလုပ်ပြီး ကူညီမှုမပေးစေကာမူ မြန်မာနိုင်ငံအနေဖြင့် ရှိသည့်အရင်းအမြစ်များအသုံးပြုကာ မူးယစ်ဆေးဝါးပပျောက်ရေး ဆက်လက်ကြိုးပမ်းမည် မိမိတို့ မျှော်မှန်းထားရှိသည့် မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေးပန်းတိုင်သို့ မလွဲမသွေရောက်မည်ဟု ယုံကြည်

● **အမေရိကန်မှ**

မြန်မာနိုင်ငံအနေဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များကို ထပ်မံလျစ်လျူပြုခြင်းသာဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၉–၂၀၀၀ ဘဏ္ဍာရေးနှစ်မှစတင်၍ မူးယစ်ဆေးဝါး ကင်းရှင်းပပျောက်ရေးအတွက် (၁၅)နှစ် နှစ်ရှည်စီမံကိန်းချမှတ်ကာ (၅)နှစ်စီမံကိန်း သုံးကြိမ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိကြပြီးဖြစ်ပါသည်။ ၂၀၀၃–၂၀၀၄ခုနှစ်တွင် ပြီးဆုံးသည့် ပထမ (၅)နှစ် စီမံကိန်းကို ထူးခြားအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ခဲ့ပါသည်။ အထူးသဖြင့် ထုတ်လုပ်မှုလျှော့ချရေးကဏ္ဍတွင် ဘိန်းထုတ်လုပ်မှုကို သိသိသာသာ လျှော့ချနိုင်ခဲ့ပါသည်။ ယခုအခါ ဒုတိယ(၅)နှစ်စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာအစိုးရသည် အမေရိကန် မူးယစ်ဆေးဝါးပပျောက်ရေးအေဂျင်စီ (DEA)၊ ကုလသမဂ္ဂဆိုင်ရာ မူးယစ်ဆေးဝါးနှင့် မှုခင်းရုံး(UNODC)တို့နှင့် ပူးပေါင်း၍ ဘိန်းအထွက်နှုန်း စစ်တမ်းကောက်ယူခြင်း၊ ဘိန်းစိုက်ပျိုးရေးကို စစ်ဆေးတွက်ချက်ခြင်းတို့အား ပုံမှန်ပြုလုပ်လျက်ရှိရာ အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်သည့် ဘိန်းအထွက်နှုန်း စစ်တမ်းကောက်ယူခြင်းကို ၁၉၉၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း စုစုပေါင်း (၁၀)ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ DEA နှင့် ပူးပေါင်းဆောင်ရွက်မှုအရ ၂၀၀၄ခုနှစ်တွင် ၂၀၀၃ခုနှစ်ကထက် မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးခြင်းသည် ၃၄ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ ယင်းလျော့ကျမှုပမာဏဖြင့် ဘိန်း ၂၈၂ မက်ထရစ်တန် ထုတ်လုပ်နိုင်မည့် အလားအလာရှိသည်ဖြစ်ရာ ဘိန်းထုတ်လုပ်မှုတွင် ၃၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရှိရသည်။ အလားတူပင် UNODCနှင့် ပူးပေါင်းကွင်းဆင်းလေ့လာကာ ကနဦး စာရင်းကောက်ယူချက်အရလည်း ဘိန်းစိုက်ပျိုးမှု ၂၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ယင်းပမာဏသည် ဘိန်းထုတ်လုပ်မှု ၅၄ ရာခိုင်နှုန်း လျော့ကျခြင်းနှင့် ညီမျှကြောင်း သိရှိရပါသည်။

မူးယစ်ဆေးဝါးအန္တရာယ် ခြိမ်းခြောက်မှုကို တားဆီးတိုက်ဖျက်ရာတွင် တစ်နိုင်ငံတည်းအင်အားဖြင့် မဖြစ်နိုင်ဘဲ နိုင်ငံတကာ၏ ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုလိုအပ်သည်ကို မြန်မာနိုင်ငံအနေဖြင့် ကောင်းစွာနားလည်ခံယူထားသည်ဖြစ်ရာ မူးယစ်ဆေးဝါး ကင်းရှင်းပပျောက်ရေးကို အမျိုးသားရေးလုပ်ရှားမှုအသွင်ဖြင့် ကုလသမဂ္ဂအေဂျင်စီများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် မြန်မာနိုင်ငံအပေါ် နားလည်စာနာသည့်နိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၆၁ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ တစ်ခုတည်းသော ကွန်ဗင်းရှင်းကို ၃၀–၃–၆၁ ရက်နေ့တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၂၉–၇–၆၃ ရက်နေ့တွင် ကွန်ဗင်းရှင်းဝင်နိုင်ငံဖြစ်လာပါသည်။ အလားတူပင် ၁၉၈၈ခုနှစ် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောပစ္စည်းများ တရားမဝင် ကူးသန်းရောင်းဝယ်ခြင်းအား တိုက်ဖျက်သည့် ကွန်ဗင်းရှင်းကို ၁၁–၆–၉၁ ရက်နေ့တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၉–၉–၉၁ ရက်နေ့မှစတင်၍ ကွန်ဗင်းရှင်းဝင်နိုင်ငံ ဖြစ်လာပါသည်။ ၂၀–၆–၉၄ ရက်နေ့တွင် ကုလသမဂ္ဂ စိတ်ကိုပြောင်းလဲစေသော ပစ္စည်းများဆိုင်ရာ ကွန်ဗင်းရှင်း ၁၉၇၁ကို ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၂၀–၁၂–၉၅ ရက်နေ့တွင် ကွန်ဗင်းရှင်းဝင်နိုင်ငံ ဖြစ်လာခဲ့ပါသည်။ ထို့အပြင် ၁၉၆၁ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ တစ်ခုတည်းသော ကွန်းဗင်းရှင်း၏ နောက်ဆက်တွဲဖြစ်သော ၁၉၇၂ ခုနှစ် ပရိုတိုကိုလ်ကို ခြွင်းချက်နှစ်ရပ်ဖြင့် ၁၃–၉–၀၂ ရက်နေ့တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၂၂–၈–၀၃ ရက်နေ့တွင် ပရိုတိုကိုလ်ဝင်နိုင်ငံဖြစ်လာပါသည်။

၂၀၀၃ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ၏ ကုလသမဂ္ဂဆိုင်ရာ မူးယစ်ဆေးဝါးကော်မရှင်တွင် မြန်မာနိုင်ငံအား ၂၀၀၄ ခုနှစ် ဇန်နဝါရီလမှ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလအထိ ၄ နှစ်သက်တမ်းအတွက် အဖွဲ့ဝင်နိုင်ငံအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သဖြင့် မြန်မာနိုင်ငံသည် ကော်မရှင်အဖွဲ့ဝင်နိုင်ငံအနေနှင့် တာဝန်ဝတ္တရားများကို ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အထက်ဖော်ပြပါ အချက်အလက်များသည် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအေဂျင်စီ များနှင့် စိတ်သဘောထားချင်းတူညီသည့် ကမ္ဘာ့နိုင်ငံများနှင့် တက်ကြွစွာ လက်တွဲပူးပေါင်းလျက် မူးယစ်ဆေးဝါး ခြိမ်းခြောက်မှုအန္တရာယ် ကင်းရှင်းပပျောက်စေရန် အလေးအနက်ထားကာ မမိုတ်မသုန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတကာ သဘောတူညီချက်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ထင်ရှားသည့် သက်သေသာဓကများဖြစ်ပါသည်။

မူးယစ်ဆေးဝါး ကင်းရှင်းပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံအပေါ် အပြုသဘောမဆောင်သော ဆန့်ကျင်ဝေဖန်ချက်များနှင့် အများအထင်အမြင်လွဲမှားစေရန် လှုံ့ဆော်မှုများဖြင့် ထိုးနှက်မှုများ ပြုလုပ်ပြီး ထောက်ပံ့ကူညီမှုများမပေးစေကာမူ မြန်မာနိုင်ငံအနေဖြင့် ရှိသည့်အရင်းအမြစ်များအသုံးပြုကာ လူသားတစ်ရပ်လုံး လူညွှန့်တုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ် ချုပ်ငြိမ်းပပျောက်ရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်သာဖြစ်သည်။ သို့ဖြစ်ရာ မိမိတို့ မျှော်မှန်းထားရှိသည့် မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေး ရည်မှန်းချက်ပန်းတိုင်သို့ မလွဲမသွေ ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
ရန်ကုန်မြို့
ရက်စွဲ ၂၀၀၅ခုနှစ်၊ စက်တင်ဘာ ၂၃ရက်

သာကေတမြို့နယ် ဝေဇယန္တာ အနောက် (၁၃)လမ်း (၆)ရပ်ကွက်နေ ဒေါ်ပန်းငွေ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်းပဒေသာပင် ကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က–ပ)

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) ဝါကျွတ်ဆွမ်းလောင်းလှူကြမည်

ရန်ကုန် စက်တင်ဘာ ၂၃

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)အသင်းဝင်များသည် ကြံခင်းမြို့နယ်ရှိ ဆွမ်းလောင်းဓမ္မာရုံများသို့ သွားရောက်လှူဒါန်းကြမည်ဖြစ်သည်။ ဆွမ်းလောင်းလှူခြင်းနှင့်အတူ ကြံခင်းမြို့ပေါ်ရှိ သက်ကြီးရွယ်အိုများအား သက်ကြီး ပူဇော်ပွဲပြုလုပ်ခြင်း၊ ပရဟိတကျောင်းရှိ ကလေးများအား အဝတ်အထည်များလှူဒါန်းခြင်းနှင့် ကြံခင်းမြို့ပေါ်ရှိ စာကြည့်တိုက်များသို့ စာအုပ်များ လှူဒါန်းကြမည်ဖြစ်သည်။

လိုက်ပါလိုသူအသင်းဝင်များသည် အောက်တိုဘာ ၇ရက်(သောကြာနေ့)နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း)ဖုန်း–၀၉–၈၀၃၂၈၀၅၊ တွဲဖက်အတွင်းရေးမှူး ဦးစိန်ငွေး ဖုန်း–၀၉–၅၁၃၂၁၅၈၊ ဘဏ္ဍာရေးမှူး ဒေါ်တင်တင်ထွေး ဖုန်း–၀၁–၅၄၁၀၆၅ တို့ထံ ဆက်သွယ်နိုင်ပြီး အောက်တိုဘာ ၁၄ရက်(သောကြာနေ့) ညနေ ၅ နာရီတွင် ကောင်းစံ(ဆန်/ဆီ)ရောင်းဝယ်ရေး၊ အမှတ်(၁၁၉/အေ) ပြည်လမ်း၊ (၁၀)မိုင်မှ ထွက်ခွာမည်ဖြစ်သည်။ (က–ပ)

ကက်ထရီနာမုန်တိုင်းနှင့် အီရတ်စစ်ပွဲကို နှိုင်းယှဉ် ပြည်သူများလုံခြုံမှုရှိရေး သမ္မတဘုရှ်မလုပ်နိုင်ကြောင်းဝေဖန်

နယူးယောက် စက်တင်ဘာ ၂၂

အမေရိကန်ပြည်ထောင်စုတွင် ကက်ထရီနာမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် သမ္မတဂျော့ဂ်ျ၊ ဘုရှ်၏ တုံ့ဆိုင်း တုံ့ဆိုင်း ဆောင်ရွက်ချက်များသည် အီရတ်အား ကျူးကျော်တိုက်ခိုက်မည့် ဆုံးဖြတ်ချက်အတိုင်း ဖြစ်နေပြီး ၎င်း၏ ဦးစားပေးလုပ်ငန်းများသည် အမေရိကန်ပြည်သူလူထုစိတ်ချလုံခြုံမှုရှိစေရန်လိုအပ်နေသည့် လုပ်ကိုင်ဆောင်ရွက်မှုများနှင့် ကွဲလွဲမှုရှိနေသည်ကို ပြသနေကြောင်းဖြင့် စစ်ဆန့်ကျင်ရေး ဆန္ဒပြသူများက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

အီရတ်နိုင်ငံအား ကျူးကျော်သိမ်းပိုက်ရာတွင် သမ္မတဘုရှ်က အမေရိကန်ပြည်ထောင်စု ပိုမိုလုံခြုံမှုရှိစေရန်ဟု အတုအယောင် ဆင်ခြေဆင်လက်တစ်ခု ပေးခဲ့ကြောင်း၊ အီရတ်ဆိုင်ရာ မူဝါဒများကြောင့် အမေရိကန်ပြည်ထောင်စုအား ပိုမိုအင်အားချည့်နဲ့စေရန် ဖန်တီးခဲ့သည်ကို ကက်ထရီနာမုန်တိုင်းပြသနာက အထင်အရှားပြသခဲ့ပြီဖြစ်ကြောင်း စစ်ဆန့်ကျင်ရေးလှုပ်ရှား တက်ကြွသူများက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြသည်။

အီရတ်နိုင်ငံတွင် ဖြစ်ပွားနေသည့် တွန်းလှန်တိုက်ခိုက်မှုများတွင် ခေါင်းမာစွာ ပါဝင်ဆင်နွှဲနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့်ဌာနေပြန်လာပြီး ပင်လယ်ကွေ့ကမ်းခြေတွင်ဆောင်ရွက်နေသော မကြုံစဖူး ထူးကဲသည့် ကယ်ဆယ်ရေးနှင့်လူလူချင်း အကူအညီပေးရေး လုပ်ငန်းများ စသည့်ပြည်တွင်း စိန်ခေါ်မှုများတွင် ဝင်ရောက်ကူညီသင့်ကြောင်း နိုင်ငံရေးအရ လှုပ်ရှားတက်ကြွသူများက ပြောကြားသည်။ ၎င်းတို့သည် ဝါရှင်တန်မြို့သို့ ယခုရက်သတ္တပတ်တွင် ချီတက်ဆန္ဒပြကြမည်ဖြစ်သည်။

ဆန္ဒပြသူတစ်ဦးဖြစ်သူ ရှီဟန်ကမန်ဟက်တန်ရင်ပြင်တွင် စစ်ဆန့်ကျင်ရေး ဆန္ဒပြသူ ၂၀၀ ခန့်အား မိန့်ခွန်းပြောကြားနေစဉ် နယူးယောက်ရဲက လူစုလူဝေးအား ဖြိုခွဲပြီး လူတစ်ဦးကို ဖမ်းဆီးခဲ့သည်။***အမ်အင်အေ၊ရိုက်တာ။***



အမေရိကန်နိုင်ငံတွင် ကျရောက်သည့် ရီတာ ဟာရီကိန်းမုန်တိုင်းကြောင့် စက်လည်ပတ်မှု ရပ်ဆိုင်းထားရသော တက္ကဆက်ပြည်နယ်မှ ရေနံချက်စက်ရုံများကို စက်တင်ဘာ ၂၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ချူကလီးယားပစ္စည်းတစ်မျိုးကို ဘူလ်ဂေးရီးယား ရဲတပ်ဖွဲ့သိမ်းဆည်းရမိ

ဆိုဖီယာ စက်တင်ဘာ ၂၂

အင်အားပြင်း ဗုံးပြုလုပ်ရာတွင် အသုံးပြုနိုင်သော ချူကလီးယားပစ္စည်းတစ်ခုကို ရိုမေးနီးယားနိုင်ငံသို့ တရားမဝင်သယ်ယူရန် ကြိုးပမ်းသူလေးဦးကို ဘူလ်ဂေးရီးယားရဲတပ်ဖွဲ့က ဖမ်းမိခဲ့သည်။

ဖမ်းဆီးရမိသူများမှာ ရိုမေးနီးယားနိုင်ငံသားသုံးဦးနှင့် ဘူလ်ဂေးရီးယားနိုင်ငံသားတစ်ဦးတို့ ဖြစ်ကြသည်။ ဘူခါရက်မြို့ မြောက်ဘက်အနီးရှိ ဒါနဘီမြစ်ကမ်းပေါ်ရှိ မြို့ဖြစ်သော ယိုဆီမြို့၌ စနေနေ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု အမျိုးသားရဲတပ်ဖွဲ့က ပြောဆိုခဲ့သည်။

ကားထဲရှိအိတ်တစ်လုံးတွင် ဟက်ဖ်နီယမ် ၃ ဒသမ ၄ ကီလိုကို ရဲများက ရှာဖွေတွေ့ရှိခဲ့သည်။ အဆိုပါဝတ္ထုကို သယ်ဆောင်ခဲ့ကြောင်း၊အဆိုပါဒြပ်ဝတ္ထုသည် ယခုအခြေအနေတွင် ရေဒီယိုသတ္တိကြွမှုမရှိသောကြောင့် အန္တရာယ်မရှိနိုင်ကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။ ထိုဒြပ်ပစ္စည်းကိုနယ်စပ်တွင် ယူဆောင်ခွင့်မရှိသောစာရင်းတွင် ပါဝင်သည်ဟု တရားဝင်ထုတ်ပြန်ထားခြင်းမရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဆီးချိုရောဂါရှိသူ လေးပုံတစ်ပုံခန့် ဆေးစစ်မှု မရှိကြဟု အင်္ဂလန်တွင် ပြုလုပ်သောစစ်တမ်းတွင် ဖော်ပြ

လန်ဒန် စက်တင်ဘာ ၂၂

ဆီးချိုရောဂါရှိဖွယ်ရှိသော အင်္ဂလန်ပြည်သူလူထု၏ လေးပုံတစ်ပုံက ၎င်းတို့တွင် နှလုံး၊ ကျောက်ကပ်၊ မျက်စိမမြင်၊ ကိုယ်လက်ဖြတ်တောက်ရမည့် အန္တရာယ်များရှိနေသည့်အခြေအနေများကို မသိရှိကြကြောင်းဖြင့် လေ့လာချက်တစ်ရပ်အရ တနင်္လာနေ့က သိရသည်။

ဖော်ပြထား

ဆီးချိုရောဂါရှိသူအမျိုးသမီးများ၏ ထက်ဝက်နီးပါးသည် ရောဂါရှိ၊ မရှိ ဆေးစစ်ဖွယ်ရှိပြီး ဆေးစစ်ပြီး သူ ၅၀ ရာခိုင်နှုန်းသည်လည်း မျက်စိစမ်းသပ်မှုသာ ပြုလုပ်ခဲ့ကြကြောင်း ကျန်းမာရေးစောင့်ရှောက်မှုကော်မရှင်၏ လေ့လာချက်တွင် ဖော်ပြထားသည်။

ဆီးချိုရောဂါရှိသူ ၅၆ ရာခိုင်နှုန်းကသာ ဂလူးကို့စ်သကြား ပမာဏအနည်းအများကို လမ်းညွှန်ချက်အတိုင်း ထိန်းသိမ်းနေနိုင်ကြသည်ဟု အင်အိပ်ချ်အက်စ် စောင့်ကြည့်လေ့လာရေးအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ခံစားနေရ

ဆီးချိုရောဂါသည် ဂလူးကို့စ်သကြား သွေးအတွင်းမြင့်မားလာသည့် ရောဂါဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းသကြားဓာတ်ကို ခန္ဓာကိုယ်က စနစ်တကျ အသုံးပြုနိုင်မှု မရှိသောကြောင့်ဖြစ်သည်။ အင်္ဂလန်တွင် ယင်းဆီးချိုရောဂါ ခံစားနေရသူ ၁ ဒသမ ၃ သန်းခန့်ရှိနေသည်။

ယေဘုယျအားဖြင့် ၇၇ ရာခိုင်နှုန်းသော အင်္ဂလန်ပြည်သူလူထုသည် ဆီးချိုရောဂါ ခံစားနေရသူများ ဖြစ်သည်ဟု ကူးစက်ရောဂါဆိုင်ရာ လေ့လာချက်တစ်ရပ်တွင် ခန့်မှန်းဖော်ပြထားသည်။

အသက် ၄၀ နှင့်အထက်ရှိ အမျိုးသမီးများအနေဖြင့် ဆီးချိုရောဂါရှိ၊ မရှိ စနစ်တကျဖော်ထုတ်ရန်လိုအပ်ကြောင်း ယင်းအစီရင်ခံစာက အလေးပေး ဖော်ပြထားခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

မိုဇမ်ဘစ်တွင် ရထားသံလမ်း ခိုးယူမှုဖြစ်ပွား

မာပူတို စက်တင်ဘာ ၂၂

မိုဇမ်ဘစ်နိုင်ငံ ကာဇာပြည်နယ်တောင်ပိုင်းတွင် ရထားသံလမ်းများကို ခိုးယူနေသော သူခိုးဂိုဏ်းကို မိုဇမ်ဘစ်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြသည်။

အဆိုပါပြည်နယ်တွင် ရှစ်ကီလိုမီတာခန့်ရှိ ရထားလမ်းကို သူခိုးများက ဖျက်ဆီးခဲ့သည်။ ထိုပျက်စီးသွားသော ရထားလမ်းပိုင်းကို ပြန်လည်ပြင်ဆင်ရန် အမေရိကန်ဒေါ်လာ ၂ဒသမ ၅သန်း ကုန်ကျမည်ဖြစ်သည်။ ထိုအဖျက်လုပ်ငန်းများကို စနစ်တကျ ကြိုတင်စီစဉ်ခဲ့ခြင်းဖြစ်သည်ဟု မိုဇမ်ဘစ်ဆိပ်ကမ်းနှင့် ရထားကုမ္ပဏီ စီအက်ဖ်အမ်မှ ထုတ်ဖော်ပြောကြားချက်ကို သတင်းစာတစ်စောင်တွင် ရေးသားဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရိုမေးနီးယားတွင် ရေလွှမ်းမိုး လူခြောက်ဦးထက်မနည်း သေဆုံး

ဘူခါရက် စက်တင်ဘာ ၂၃

ရိုမေးနီးယားနိုင်ငံ အရှေ့တောင်ပိုင်းတွင် ကြာသပတေးနေ့က ရေလွှမ်းမိုးမှုဖြစ်ပွားရာ လူခြောက်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း၊ လူနေအိမ်ခြေရာပေါင်းများစွာ ပျက်စီးခဲ့ကြောင်း၊ ဘူလ်ဂေးရီးယားနိုင်ငံဘက်သို့သွားသည့် ပင်လယ်နက်ကမ်းခြေတွင် ယာဉ်အသွားအလာပြတ်တောက်ခဲ့ကြောင်း နိုင်ငံပိုင် ရွှမ်းပရက်စ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

သေဆုံးသူများမှာ ပင်လယ်နက်ကမ်းခြေမြို့များဖြစ်ကြသည့် ကော့စတီနက်စတီမြို့နှင့် တူဇလာမြို့အနီးရေပြင်တွင် ရေနစ်သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သတင်းဌာနက ဖော်ပြသည်။

ရိုမေးနီးယားနိုင်ငံ၏ ပင်လယ်နက်ဆိပ်ကမ်းမြို့ကြီးဖြစ်သည့် ကွန်စတန်တာမြို့နှင့် ဘူလ်ဂေးရီးယားနိုင်ငံ၏ ဆိပ်ကမ်းမြို့ဖြစ်သည့် ဗာနာမြို့ကို ဆက်သွယ်ထားသောအဓိကလမ်းမကြီးတစ်ခုကို ပိတ်ပင်ထားလိုက်ကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ အိမ်တစ်အိမ်အတွင်းသို့ အပေါင်းပါတပ်ဖွဲ့ဝင်တစ်ဦး ဝင်ရောက်ရန် ကြိုးစားနေသည်ကို စက်တင်ဘာ ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နယူးအော်လင်းစ်မြို့သို့ ဒေသခံများ ပြန်လာရန်အစီအစဉ် နောက်ထပ်မုန်တိုင်းတိုက်ခတ်မှုကြောင့် ရပ်ဆိုင်းထား

နယူးအော်လင်းစ် စက်တင်ဘာ ၂၂

နယူးအော်လင်းစ်မြို့သူမြို့သားများအား မြို့ပြန်လာစေမည့် အစီအစဉ်ကို မြို့တော်ဝန်ဖြစ်သူ ရေးနာဂျင်က တနင်္လာနေ့တွင် ရပ်ဆိုင်းထားလိုက်ပြီး လာမည့်ရက်အတွင်း မုန်တိုင်းတစ်ခု ထပ်မံတိုက်ခိုက်ဖွယ်ရှိသဖြင့် မြို့တွင်းကျန်ရှိနေသူအားလုံး ထွက်ခွာကြရန် ပြောကြားသည်။ ရီတာအမည်ရှိ မုန်တိုင်းတစ်ခု အင်အားကောင်းလျက်ရှိပြီး အတ္တလန္တိတ်သမုဒ္ဒရာမှ မက္ကဆီကို ပင်လယ်ကွေ့အတွင်း ရွေ့လျားကာ အမေရိကန်ပင်လယ်ကွေ့ကမ်းခြေသို့ ယခုရက်သတ္တပတ်တွင် ရောက်ရှိနိုင်သည့် ကြိုတင် သတင်းခန့်မှန်းချက်များ ပေါ်ထွက်နေစဉ် မြို့တော်ဝန်က မြို့သူမြို့သားများ မြို့တွင်းမှ ထွက်ခွာကြရန် နှိုးဆော်နေခြင်းဖြစ်သည်။

မုန်တိုင်းချဉ်းကပ်

နယူးအော်လင်းစ်မြို့တွင်း ပြန်လည်ဝင်ရောက်စေမည့် အစီအစဉ်အားလုံးကို မိမိတို့ရပ်ဆိုင်းထားကြောင်း မြို့တော်ဝန်နာဂျင်က ပြောကြားသည်။ မြို့တော်ဝန်က မြို့နေလူထုအချို့ကို ကန့်သတ်ထားသည့် ဒေသအတွင်း ပြန်လည်ဝင်ရောက်စေမည့် အစီအစဉ်ကို လွန်ခဲ့သည့်သောကြာနေ့က ချမှတ်ခဲ့သည်။ အခြေအနေပြောင်းသွားပြီဖြစ်ကြောင်း၊ နောက်ထပ်လေမုန်တိုင်းတစ်ခု ချဉ်းကပ်လာနေပြီဖြစ်ကြောင်း၊ ဗုဒ္ဓဟူးနေ့တွင် ပြောင်းရွှေ့ကြရန် ပြင်ဆင်ရေးအတွက် မြို့တော်ဝန်က မြို့ခံလူထုအား ပြောကြားခဲ့သည်။ မြို့တော်ဝန်၏ မြို့တွင်းပြန်လည်ဝင်ရောက်စေမည့်အစီအစဉ်ကို ပြည်နယ် အာဏာပိုင်များက သံသယဖြစ်လျက်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘဂ္ဂဒက်မြို့တွင်းနှင့် မြို့တော်အနီးတစ်ဝိုက်တွင် အမေရိကန်စစ်ယာဉ်တန်းသုံးခုကို ဗုံးခွဲတိုက်ခိုက်

ဘဂ္ဂဒက် စက်တင်ဘာ ၂၂

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်မြို့တွင်းနှင့် မြို့အနီးတစ်ဝိုက်ဒေသတွင် ဗုဒ္ဓဟူးနေ့က အမေရိကန် စစ်ဘက်မော်တော်ယာဉ်တန်းသုံးခု ဗုံးခွဲတိုက်ခိုက်ခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အီရတ်နိုင်ငံတွင် ဤစစ်ပွဲစတင်ခဲ့ချိန်မှစ၍ အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသူဦးရေ ၁၉၀၀ ကျော်လွန်သွားသည့်နေ့ရက်အပြီး နောက်တစ်ရက်တွင် ယင်းတိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ထိုစဉ်အတွင်း အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်များ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ၌ ဒဏ်ရာရရှိခဲ့သော အရပ်သားနှစ်ဦးမှာ ဗုဒ္ဓဟူးနေ့မှာပင် ဆေးရုံ၌ကွယ်လွန်သွားခဲ့သည်။ ဘာဆာရာမြို့တွင် ဗြိတိသျှ တပ်ဖွဲ့နှင့် အီရတ်ရဲတပ်ဖွဲ့တို့အကြား တင်းမာမှုဖြစ်ပွားခဲ့သည့်ဖြစ်စဉ်တွင် သေဆုံးခဲ့သည့် အရပ်သားဦးရေမှာ ယခုအခါ ငါးဦးအထိ ရောက်ရှိသွားပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ဘာဆာရာရဲတပ်ဖွဲ့၏ ဖမ်းဆီးမှုကို ခံခဲ့ရသော ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦးကို ကယ်တင်နိုင်ရန်အတွက် တနင်္လာနေ့က ယင်းမြို့ရှိ အကျဉ်းထောင်ကို ဗြိတိသျှတပ်ဖွဲ့က စီးနင်းခဲ့ရာမှ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

အင်တာနက်။

အသက်မွေးဝမ်းကျောင်းပညာရေး တရုတ်နိုင်ငံမြှင့်တင် ကျွမ်းကျင်လုပ်သားတိုးပွားလာစေရန်ရည်ရွယ်

ပေကျင်း စက်တင်ဘာ ၂၂

တရုတ်နိုင်ငံတွင် အသက်မွေးဝမ်းကျောင်းပညာရေးကို မြှင့်တင်ဆောင်ရွက်ရန် နိုင်ငံတော်ကောင်စီက ဗုဒ္ဓဟူးနေ့တွင် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်လိုက်သည်။

အသက်မွေးဝမ်းကျောင်း ပညာရေး မြှင့်တင်ရာတွင် တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်း၊ လယ်သမားများ၏ ဝင်ငွေတိုးတက်ခြင်းနှင့် လုပ်ခများ တိုးမြှင့်ပေးခြင်းတို့သည်လည်း အရေးကြီးကြောင်း နိုင်ငံတော် ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သော ဝန်ကြီးချုပ် ဝမ်ကျားပေါင်က အလေးထား ပြောကြားခဲ့သည်။

ဆွေးနွေး

အလယ်တန်းအဆင့် သက်မွေးပညာရေး ကျောင်းများတွင် နှစ်စဉ်စာရင်းပေးထားသော ကျောင်းသားများ ပိုမိုများပြားလာရန်နှင့် ၂၀၁၀ ပြည့်နှစ်တွင် ကျောင်းသားဦးရေ ရှစ်သန်းထိ ရောက်ရှိရန် ဦးတည်ဆွေးနွေးခဲ့ကြသည်။ အလားတူ အထက်တန်းကျောင်းများအတွက်လည်း ပါဝင်ထည့်သွင်းဆွေးနွေးကြသည်။

၂၀၀၃ ခုနှစ်တွင် စာရင်းပေးထားသူကျောင်းသားဦးရေသည် ငါးသန်းကျော်ရှိပြီး ပိုမိုတိုးတက်များပြားလာသည်။

တက္ကသိုလ်များနှင့် ကောလိပ်များတွင် ကျောင်းဝင်ခွင့် စာရင်းပေးသွင်းထားသူဦးရေ စုစုပေါင်းသည် ၅၀ ရာခိုင်နှုန်းကျော်ရှိနိုင်ကြောင်း၊ နှစ်စဉ် သက်မွေးမှုပညာ ကောလိပ်များ၏ စာရင်းပေးသွင်းချက်များအရ သိရသည်။

သက်မွေးဝမ်းကျောင်း ကောလိပ်များ၌ ၂၀၀၃ ခုနှစ်တွင် တက်ရောက်ခဲ့သော ဘွဲ့လွန်ကျောင်းသား ဦးရေသည် ၄ ဒသမ ၈ သန်းရှိသည်။

အဓိကထားဆောင်ရွက်

ထိုလုပ်ငန်းအကောင်အထည်ဖော်ရာတွင် လက်တွေ့သင်ကြားရေးများကို ပြန်လည်ပြင်ဆင်ခြင်း၊ ဆရာများ၏ အရည်အချင်းကို ပိုမိုမြှင့်တင်ပေးခြင်းနှင့် သက်မွေးပညာရေး အဆင့်အတန်းကို အားပေးဆောင်ရွက်ခြင်း စသည်တို့ကို အဓိကထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း အစည်းအဝေးတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

မကြာသေးမီ နှစ်များအတွင်းကလည်း တရုတ်နိုင်ငံ၏ စက်ရုံများတွင် ကျွမ်းကျင်လုပ်သားများ ရှားပါးမှုနှင့် ကြုံတွေ့ခဲ့ရသည်။ တရုတ်နိုင်ငံ၏ စီးပွားရေး လျင်မြန်စွာ တိုးတက်မှုနှင့် ပညာရေးဖွံ့စည်းပုံ မညီမျှခြင်းတို့ကြောင့် ထိုပြဿနာများ ကြုံတွေ့ရခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။



ဒတ်ချ်နျူအွန်ဆိုလာအဖွဲ့က စမ်းသပ်ထုတ်လုပ်သော နေရောင်ခြည်စွမ်းအင်သုံးကားကို ဩစတြေးလျနိုင်ငံတစ်နေရာ၌ စမ်းသပ်ပြနေသည်ကို စက်တင်ဘာ ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ကြက်ငှက်တုပ်ကွေးအဖြစ် ယူဆရသည့်ရောဂါဖြင့် အသက်ငါးနှစ်အရွယ် အင်ဒိုနီးရှားမိန်းကလေး သေဆုံး

ဂျကာတာ စက်တင်ဘာ ၂၂

ကြက်ငှက်တုပ်ကွေးရောဂါ ခံစားရသူအဖြစ်ယူဆရသည့် အသက် ငါးနှစ်အရွယ်ရှိ မိန်းကလေးငယ်တစ်ဦးသည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော် မြောက်ပိုင်းရှိ ဆာရာဆိုဆေးရုံတွင် ဗုဒ္ဓဟူးနေ့ နံနက်က သေဆုံးသွားခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး ဖာဒီလာဆူပါရီက ပြောကြားသည်။

ဖော်ပြပါ အမျိုးသမီးသည် ကြက်ငှက်တုပ်ကွေးကြောင့် အများဆုံးအားဖြင့် သေဆုံးဖွယ်ရှိကြောင်း၊ ၎င်းသေဆုံးမှု၏ ဇာစ်မြစ်ကို သိရှိရန် ယခုအခါ စမ်းသပ်မှုများပြုလုပ်နေပြီဖြစ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

သေဆုံးသည့် မိန်းကလေးငယ်သည် ဂျကာတာမြို့တော် မြောက်ပိုင်းတွင် နေထိုင်သူတစ်ဦးဖြစ်သည်။

၎င်းအား ဂျကာတာမြို့လယ်ဆေးရုံတွင် ငါးရက်ကြာကုသပြီးနောက် ဆာရိဆိုဆေးရုံသို့ အင်္ဂါနေ့က လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်ဟု ဝန်ကြီးက ပြောကြားသည်။

ဂျကာတာတိရစ္ဆာန်ရုံမှ ဈေးရောင်းသူတစ်ဦးနှင့် ဝန်ထမ်း အပါအဝင် လူခြောက်ဦးကို ကြက်ငှက်တုပ်ကွေးရောဂါလက္ခဏာများတွေ့ရှိရပြီး ဆေးရုံတင်ထားခဲ့ရသည်ဟု အင်ဒိုနီးရှားအစိုးရက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။ ထို့နောက် ယင်းကြက်ငှက်တုပ်ကွေးရောဂါကျရောက်ပြီး သာမန်ထက် ထူးကဲသည့် အခြေအနေတစ်ရပ်အဖြစ် အစိုးရက ကြေညာခဲ့သည်။

ငှက် ၁၉ ကောင်တွင် ဗိုင်းရပ်စ်ပိုးကူးစက်မှုရှိကြောင်း စမ်းသပ်တွေ့ရှိခဲ့ပြီးနောက် တိရစ္ဆာန်ရုံအား တနင်္လာနေ့မှစတင်၍ ရက်သတ္တ သုံးပတ် ပိတ်ထားရန် တာဝန်ရှိပုဂ္ဂိုလ်များက ဆုံးဖြတ်ခဲ့သည်။

ဂျကာတာမြို့တော် တောင်ပိုင်းဆင်ခြေဖုံးဒေသနေ အသက်(၃၇)နှစ်အရွယ်ရှိ ရီနီဒိုင်နာဆိုသည့် အမျိုးသမီးတစ်ဦးသည် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားကာ အင်ဒိုနီးရှားတွင် စတုတ္ထမြောက် သေဆုံးသူဖြစ်လာသည်။

အမ်အင်အေ၊ဆင်ဟွာ။

လာဟိုးမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား ခြောက်ဦးသေဆုံး

လာဟိုး စက်တင်ဘာ ၂၃

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်းဒေသရှိ လာဟိုးမြို့တွင် စက်တင်ဘာ ၂၂ရက်က ဗုံးနှစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ လူခြောက်ဦး သေဆုံးခဲ့ပြီး ၃၀ ကျော် ဒဏ်ရာရကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ထိုဗုံးသည် လာဟိုးမြို့ရှိဈေးနှစ်ဈေးမှ စက်ဘီးများ ထားရာနေရာများတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဘယ်ကြောင့် ယခုဗုံးကိုခွဲရသည်၊ မည်သူက ဤဗုံးကိုခွဲသည်ဆိုသော ကိစ္စရပ်များကို ရှင်းရှင်းလင်းလင်း မသိရသေးဟု သတင်းများက ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

တက္ကဆက်မြို့ပြင်၌ ဘတ်စ်ကားမီးလောင် မုန်တိုင်းဘေးမှ ထွက်ပြေးလာသူများသေဆုံး

ဟူစတန် စက်တင်ဘာ ၂၃

အမေရိကန်နိုင်ငံ တက္ကဆက်စီတီးမြို့ပြင်တွင် သောကြာနေ့ အရုဏ်မတက်မီက ဘတ်စ်ကားတစ်စီးပေါ်၌ မီးလောင်မှုဖြစ်ပွားရာ လူ ၂၀ ထက်မနည်းသေဆုံးရကြောင်း၊ ရီတာဟု အမည်ပေးထားသော ဟာရီကိန်းမုန်တိုင်းမှလွတ်မြောက်နိုင်ရန် ထွက်ပြေးလာသည့် သက်ကြီးရွယ်အိုများ လိုက်ပါလာသောဘတ်စ်ကားပေါ်တွင်မီးလောင်ခြင်းဖြစ်ကြောင်း၊ ယင်းဖြစ်ရပ်ကြောင့် မုန်တိုင်းဘေးအန္တရာယ်မှ လွတ်မြောက်နိုင်ရန် ထွက်ပြေးလာသူများ အသုံးပြုသည့် အဓိကလမ်းမကြီး တစ်လမ်းကို ပိတ်ထားလိုက်ရကြောင်း ဒဗလျူအက်ဖ်အေအေ ရုပ်မြင်သံကြားဌာနက သတင်းဖော်ပြသည်။

အတိအကျမသိ

မီးလောင်မှုဖြစ်ပွားသည့် ဘတ်စ်ကားမှ မီးခိုးလုံးကြီးများ လိပ်တက်လာသည်ကို မိမိတွေ့မြင်ရကြောင်း မျက်မြင်တွေ့ရှိသူများက ဟူစတန် ရုပ်မြင်သံကြားဌာနအားပြောကြားသည်။ အဆိုပါဘတ်စ်ကားပေါ်တွင် ဟူစတန်မြို့ အနောက်တောင်ဘက် ဘယ်လာရီဒေသမှ သက်ကြီးရွယ်အို ၄၅ ဦးလိုက်ပါလာခဲ့ကြောင်း၊ မီးလောင်မှုကြောင့် လူ ၂၀ ထက်မနည်း သေဆုံးရကြောင်း၊ မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို အတိအကျမသိရသေးကြောင်း ဒါးလတ်ရုပ်မြင်သံကြားဌာနက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သော ပါကစ္စတန်နိုင်ငံ လာဟိုးမြို့ ဈေးအတွင်း မြင်ကွင်းကို စက်တင်ဘာ ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တောင်အာရှဒေသတွင် လေမုန်တိုင်းတိုက်ခတ်မှုကြောင့် ၈၅ ဦးထက်မနည်း ပျောက်ဆုံးနေ

ဟိုက်ဒရာဘတ်(အိန္ဒိယ) စက်တင်ဘာ ၂၂

ဘင်္ဂလားပင်လယ်အော်အတွင်း အင်အားပြင်းထန်သည့် လေမုန်တိုင်းတိုက်ခတ်သည့်အတွက် လူ ၅၀ သေဆုံးခဲ့ပြီးနောက် ဘင်္ဂလားဒေ့ရှ်ရေလုပ်သား ၈၅ ဦးထက်မနည်း သောကြာနေ့က ပျောက်ဆုံးလျက်ရှိသည်။ ဘင်္ဂလား ဒေ့ရှ် ရေလုပ်သား ၉၀၀၀ခန့်သည် သောကြာနေ့တွင် နေအိမ်များသို့ ပြန်လည်ရောက်ရှိလာကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အင်ဒရာပရာဒေ့ရှ်ပြည်နယ် ကမ်းရိုးတန်းခရိုင်များတွင် တနင်္လာနေ့နှင့် အင်္ဂါနေ့များက ရေလျှံမှုဖြစ်ပွားခဲ့ပြီး လူ ၁၀၀၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့သည်ဟု အိန္ဒိယအာဏာပိုင်များက ပြောကြားခဲ့သည်။ ယင်းဒေသများတွင် လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များနှင့် လျှပ်စစ်ဓာတ်အားပေးတိုင်များ ကျွတ်ထွက်ကုန်ခဲ့သည်ဟု ဆိုသည်။

ဘင်္ဂလားဒေ့ရှ် ကမ်းရိုးတန်းရှိ ခရိုင်သုံးခုတွင် ၈၅ဦးထက်မနည်း ပျောက်ဆုံးနေသည်ဟု ပရာဇင်းပရာဘတ်ရှ်ပြည်နယ်မှ အစိုးရတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လေမုန်တိုင်းတိုက်ခတ်မှုကြောင့် လှိုင်းလုံးကြီးများ ဖြစ်ပေါ်လာပြီး ကမ်းခြေတစ်လျှောက် ယခုရက်သတ္တပတ်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်ဟု ဘင်္ဂလားဒေ့ရှ် ငါးဖမ်းအသင်းက ပြောကြားသည်။

လေမုန်တိုင်းနှင့် ဆိုင်ကလုန်းလေမုန်တိုင်းများသည် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ဘင်္ဂလားပင်လယ်ဒေသတွင် ဖြစ်ပေါ်ခဲ့ပြီး အိန္ဒိယနိုင်ငံ အရှေ့ပိုင်းကမ်းခြေနှင့် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် နှစ်စဉ်နီးပါး ဝင်ရောက်တိုက်ခတ်လေ့ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ဗီယက်နမ်တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ၂၄ဦး သေဆုံး၊ နေအိမ်များ ပျက်စီး

ဟနွိုင်း စက်တင်ဘာ ၂၂

ဗီယက်နမ်မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် လွန်ခဲ့သည့် ရက်သတ္တပတ်ရက်များက တိုက်ခတ်ခဲ့သော လေမုန်တိုင်းကြောင့် ဒေသခံလူ ၂၄ ဦး သေဆုံးခဲ့ပြီး အခြားကိုးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းဖြင့် လေဘာအမည်ရှိ ဒေသခံသတင်းစာတစ်စောင်က သောကြာနေ့တွင် ရေးသားလိုက်သည်။

ယင်ဘိုင်ပြည်နယ်တွင် မြေပြိုမှုကြောင့် လူသုံးဦးသေဆုံးပြီး ကန်ဘင်း၊ ကန်ထရီနှင့် ဘင်သူယန်ပြည်နယ်များတွင် ရေလွှမ်းမိုးမှုကြောင့် လူခြောက်ဦး သေဆုံးခဲ့သည်။ လေမုန်တိုင်းတိုက်ခတ်မှုကြောင့် အိမ် ၃၀၀၀ ကျော် ပျက်စီးသွားခဲ့ပြီး သီးနှံဟက်တာ ထောင်ချီ၍ ဆုံးရှုံးခဲ့သည်။

လေမုန်တိုင်း တိုက်ခတ်အပြီး ဗီယက်နမ်ပြည်သူများအနေဖြင့် ကမ်းရိုးတန်းဒေသရှိ ရေကာတာများ ကာကွယ်ရန်နှင့် အန္တရာယ်ကျရောက်နေသည့် ဒေသများမှ ပြည်သူများအား ကယ်တင်ရန်နှင့် ကယ်ဆယ်ရေး လုပ်ငန်းများ စုစုရုံးရုံးဖြင့် အစွမ်းကုန်ဆောင်ရွက်ကြရန် ရေလျှံမှုနှင့် လေမုန်တိုင်းထိန်းချုပ်ရေး အမျိုးသားကော်မတီက ဆော်ဩထားသည်။

သဘာဝဘေးအန္တရာယ်များ အထူးသဖြင့် လေမုန်တိုင်းနှင့် ရေလွှမ်းမိုးမှုများကြောင့် လူ ၂၃၂ ဦး သေဆုံး၊ ၃၈ဦး ပျောက်ဆုံး၊ ၁၈၇ ဦး ဒဏ်ရာရကာ အိုးအိမ် ၄၂၀၀ နှင့် စပါးစိုက်ခင်းဟက်တာ ၃၀၀၀ ပျက်စီးသွားရသည်။ ထို့အပြင် ကျွဲနွားတိရစ္ဆာန် ၂၀၀၀ ကျော် သေဆုံးပြီး ကြက်ငှက်တိရစ္ဆာန်အကောင် ၁၇၀၀၀၀ သေဆုံးခဲ့ရသည်။ ထို့ပြင် ပစ္စည်းဥစ္စာတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၇ သန်းကျော် ဆုံးရှုံးနစ်နာခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ (၂၀၀၅ ခုနှစ်)

ပါမောက္ခဒေါက်တာခင်မေစန်း

ကမ္ဘာ့နှလုံးကျန်းမာရေးနေ့သည် ကမ္ဘာ့နှလုံးရောဂါ စောင့်ရှောက်ရေးအဖွဲ့ကြီးက ကြီးမှူးပြီး နှစ်စဉ်ကျင်းပနေသည့် နေ့ကြီးဖြစ်သည်။ စက်တင်ဘာလ၏ နောက်ဆုံး တနင်္ဂနွေနေ့တွင် ကျင်းပမြဲဖြစ်ရာ ယခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့သည် မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်မြောက် ကျင်းပမည့် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ဖြစ်ပါသည်။ ဤနေ့ကြီးကို ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၀၀ မှ ဆေးပညာရှင် အသင်းအဖွဲ့ပေါင်း ၁၈၆ ခုက အလေးထား၍ ကျင်းပကြရာ နှစ်စဉ် တသီးတခြား ဆောင်ပုဒ်များကို သတ်မှတ်ထားရှိကြသည်။ ယခုနှစ် ဆောင်ပုဒ်မှာ **'အချိုးကျလှပ ကျန်းမာဖို့၊ ကိုယ်အလေးချိန်ထိန်းကြစို့'** ဟူ၍ ဖြစ်ပါသည်။ ဤဆောင်ပုဒ်ကို ရွေးချယ်သတ်မှတ်ရခြင်းမှာ ကမ္ဘာတစ်ဝန်းတွင် ဝနေသည့်လူဦးရေ တိုးပွားလာနေသည်ကို ညွှန်ပြသတိပေးလိုသည့်အတွက်ကြောင့် ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ လူဦးရေ သန်းပေါင်း ၁၀၀၀ သည် ကိုယ်အလေးချိန် ပုံမှန်ထက် များနေပြီး ထိုသူများထဲမှ သန်းပေါင်း ၃၀၀ မှာ ဝနေသည်ဟု သတ်မှတ်နိုင်သည့် အဆင့်ရှိပါသည်။ နိုင်ငံမရွေး၊ လူတန်းစားမရွေး ဖွံ့ဖြိုးပြီးနိုင်ငံများတွင်သာမက ဖွံ့ဖြိုးဆဲနိုင်ငံများ၌ပါ ဝသူဦးရေ တိုးပွားနေလျက်ရှိရာ ကလေးသူငယ်များပါ ပါဝင်နေကြောင်းကို သတိထားမိကြသည်။ လိုအပ်သည့် အာဟာရဓာတ်ထက် ပို၍စားခြင်း၊ ပြည့်ဝအဆီနှင့် အချိုဓာတ်များသော အစားအစာများ စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းခြင်းတို့သည် ဝခြင်း၏အဓိကအကြောင်းတရားများဖြစ်နေသည်။ ကမ္ဘာ့လူဦးရေ၏ ရာခိုင်နှုန်း ၆၀ သည် နေ့စဉ် နာရီဝက်ခန့် ပြုလုပ်သင့်သည့် ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းကို မပြုလုပ်ကြကြောင်း တွေ့ရပါသည်။ ကိုယ်အလေးချိန် ပုံမှန်ထက်များခြင်းနှင့် ဝ ခြင်းတို့သည် နှလုံးသွေးကြောရောဂါကိုဖြစ်စေသည့် အဓိကအခြေခံ အကြောင်းအချက်များကို အားပေးလျက်ရှိသည်။ သွေးပေါင်ချိန်ကို တိုးစေသည်။ သွေးထဲရှိ ကိုလက်စထရောလ်နှင့် ထရိုင်ဂလစ်စရိုက် အဆီဓာတ်တို့ကို များစေသည့်အပြင် အင်ဆူလင်ဟော်မုန်းဓာတ်၏ အာနိသင်လျော့စေသဖြင့် နှလုံးသွေးကြောကျဉ်းရောဂါနှင့် လေဖြတ်ရောဂါတို့ကြောင့် နှစ်စဉ်လူပေါင်း ၁၇ သန်း အသက်ဆုံးရှုံးလျက်ရှိပါသည်။

နှလုံးကျန်းမာရေးနေ့၏ ရည်ရွယ်ချက်

ယခုနှစ်ကျင်းပသည့် နှလုံးကျန်းမာရေးနေ့ကို WHO, UNESCO နှင့် Sport 2005 ခေါ် UN's International Year of Sport and Physical Education အဖွဲ့များက အင်အားတိုက်အားတိုက် အားပေးကူညီပံ့ပိုးမည်ဖြစ်သည်။ **'အချိုးကျလှပကျန်းမာဖို့၊ ကိုယ်အလေးချိန်ထိန်းကြစို့'** ဟူသည့် ဆောင်ပုဒ်ဖြင့် ကိုယ်အလေးချိန်ကို ထိန်းသိမ်းပြီး ခန္ဓာကိုယ်ကို အချိုးကျကျ လှပနေစေခြင်းဖြင့် နှလုံးရောဂါနှင့် လေဖြတ်ရောဂါတို့ကို သိသိသာသာ လျော့နည်းစေနိုင်ကြောင်း အသိပေးနှိုးဆော်လိုက်ခြင်းဖြစ်ပါသည်။ ကိုယ်အလေးချိန်များသူတို့ အထူးဂရုပြုရမည်မှာ ဝမ်းဗိုက်ပတ်လည်တွင် အဆီစုခြင်း၊ တစ်နည်းအားဖြင့် ဗိုက်ပူသည့်သူသည် သာမန်လူထက် လေးနှစ်မှ ရှစ်နှစ်စောပြီး နှလုံးသွေးကြောပိတ်နိုင်သည်။ ၁၉၉၀ ပြည့်နှစ်မှစ၍ နှလုံးရောဂါကြောင့် အသက်ဆုံးရှုံးရသူ လူဦးရေသည် အခြားအကြောင်းများကြောင့် သေဆုံးရသူ စုစုပေါင်းထက်များနေသည်ကို တွေ့ရှိရပါသည်။

ခါးအတိုင်းအတာနှင့် နှလုံးရောဂါအန္တရာယ်

သင်၏ခါးကို ချက်၏အထက်နားလောက်တွင် တိုင်းကြည့်ပါ။ အမျိုးသားများ၏ ခါးအတိုင်းအတာသည် ၉၄ စင်တီမီတာ သို့မဟုတ် ၃၇ လက်မအထက်၊ အမျိုးသမီးများ၏ ခါးအတိုင်းအတာသည် စင်တီမီတာ ၈၀ သို့မဟုတ် ၃၂ လက်မအထက်ရှိလျှင် နှလုံးရောဂါဖြစ်ပွားရန် အန္တရာယ်များသည်။ အမျိုးသားများအတွက် ၁၀၂ စင်တီမီတာ သို့မဟုတ် လက်မ ၄၀ နှင့် အမျိုးသမီးများအတွက် ၈၉ စင်တီမီတာ သို့မဟုတ် ၃၅ လက်မကျော်လျှင် နှလုံးရောဂါအန္တရာယ် ကြီးမားသည်ဟု ဆိုရပါမည်။

ကိုယ်ခန္ဓာထုထည်ပမာဏ (Body° Mass Index) နှင့် နှလုံးရောဂါအန္တရာယ်

သင်၏အရပ်နှင့် ကိုယ်အလေးချိန်တို့မှ သင်၏ကိုယ်ခန္ဓာထုထည် ပမာဏကို တွက်ချက်ကြည့်ပြီး သင့်တွင်နှလုံးရောဂါ ဖြစ်ပွားလာနိုင်သည့် အန္တရာယ်ကို မှန်းဆတွက်ချက်နိုင်ပါသည်။

$$\text{ကိုယ်ခန္ဓာထုထည်ပမာဏ} = \frac{\text{ကိုယ်အလေးချိန်(ကီလိုဂရမ်)}}{\text{အရပ်(မီတာ)}^2}$$

(သို့မဟုတ်)

$$\frac{\text{ကိုယ်အလေးချိန်(ပေါင်)} \times ၇၀၃}{\text{အရပ်(လက်မ)}^2}$$

သင့်တွင် နှလုံးရောဂါဖြစ်ပွားမည့်အန္တရာယ် မည်မျှရှိသည်ကို သင်၏ကိုယ်ခန္ဓာထုထည်ပမာဏမှ အောက်ပါဇယားအတိုင်း တွက်ချက်မှန်းဆနိုင်ပါသည်–

မိမိကိုယ်ခန္ဓာက လိုအပ်သလောက်သာ အာဟာရဓာတ်ကို မှီဝဲပါ။ ကိုယ်အလေးချိန်လျော့ရန် အစားအသောက်ကို လျှော့စားရုံသာမက ကိုယ်လက်လှုပ်ရှား လေ့ကျင့်ဖို့လည်း လိုအပ်ပါသည်။ ကိုယ်အလေးချိန်ကို ဖြည်းဖြည်းလျှော့ချခြင်းက ရုတ်တရက် ပြင်းထန်သောနည်းများ အသုံးပြု၍ လျှော့ချသည်ထက် ပို၍အောင်မြင်မည်။ ကိုယ်အလေးချိန် လျှော့ချရာတွင် စားသုံးရန် သင့်လျော်သော အစားအစာမှာ ဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ အဆီဓာတ်နည်းသော သို့မဟုတ် အဆီမပါသော ပဲ၊ ပြောင်း၊ အသားနှင့် ငါးများဖြစ်ပါသည်။ နံနက်ခင်းစာ ပုံမှန်စားပါ။ တစ်နေ့လျှင် ရေခြောက်ခွက်မှ ရှစ်ခွက်သောက်ပါ။ ဟင်းလျာများချက်ရာတွင် ဆီဖြင့်ကြော်ချက်မည့်အစား ပြုတ်၍၊ ပေါင်း၍ သို့မဟုတ် ကင်၍ စားသင့်ပါသည်။

ကိုယ်ခန္ဓာပမာဏ	ကိုယ်ခန္ဓာထုထည်ပမာဏ	နှလုံးရောဂါအန္တရာယ်
ပိန်	< ၁၈ ဒသမ ၅	နည်း
ပုံမှန်	၁၈ ဒသမ ၅–၂၄ ဒသမ ၉	ပျမ်းမျှ
ပုံမှန်ထက်များ	၂၅–၂၉ ဒသမ ၉	အနည်းငယ်မြင့်
ဝခြင်း	> ၃၀	များ

နှလုံးရောဂါဖြစ်ပွားရန်အန္တရာယ်ရှိသည့်အဆင့်များတွက်ချက်ပုံ

အဆင့်–၁	၃၀–၃၄ ဒသမ ၉	အသင့်အတင့်များ
အဆင့်–၂	၃၅–၃၉ ဒသမ ၉	အလွန်များ
အဆင့်–၃	> ၄၀	အလွန့်အလွန်များ

အထက်ပါဇယားဖြင့် သင့်တွင် နှလုံးရောဂါဖြစ်ပွားနိုင်သည့် အန္တရာယ်ကို မှန်းဆတွက်ချက်နိုင်သကဲ့သို့ အသက်၊ ကျား/မ၊ ဆေးလိပ်သောက်သည့် အလေ့အကျင့်၊သွေးပေါင်ချိန်၊ သွေးတွင်းရှိ အဆီဓာတ် ပမာဏတို့ကို ချမှတ်ရေးဆွဲထားသော ဇယားများ၌ ထည့်သွင်းတွက်ချက်ခြင်းဖြင့်လည်း ၁၀ နှစ်အတွင်း နှလုံးသွေးကြော ရောဂါဖြစ်ပွားလာနိုင်သည့်အလားအလာကို ရာခိုင်နှုန်းဖြင့် ပိုမိုတိကျစွာ တွက်ယူနိုင်ပါသည်။

ကိုယ်ခန္ဓာအချိုးကျလှပရန် နည်းလမ်းများ

မိမိကိုယ်ခန္ဓာက လိုအပ်သလောက်သာ အာဟာရဓာတ်ကိုမှီဝဲပါ။ ကိုယ်အလေးချိန်လျော့ရန် အစားအသောက်ကို လျှော့စားရုံသာမက ကိုယ်လက်လှုပ်ရှားလေ့ကျင့်ဖို့လည်း လိုအပ်ပါသည်။ ကိုယ်အလေးချိန်ကို ဖြည်းဖြည်းလျှော့ချခြင်းက ရုတ်တရက်ပြင်းထန်သော နည်းများအသုံးပြု၍ လျှော့ချသည်ထက် ပို၍အောင်မြင်မည်။ ကိုယ်အလေးချိန်လျှော့ချရာတွင် စားသုံးရန် သင့်လျော်သော အစားအစာမှာ ဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ အဆီဓာတ်နည်းသော သို့မဟုတ် အဆီမပါသော ပဲ၊ ပြောင်း၊ အသားနှင့် ငါးများဖြစ်ပါသည်။ နံနက်ခင်းစာ ပုံမှန်စားပါ။ တစ်နေ့လျှင် ရေခြောက်ခွက်မှ ရှစ်ခွက်သောက်ပါ။ ဟင်းလျာများချက်ရာတွင် ဆီဖြင့် ကြော်ချက်မည့်အစား ပြုတ်၍၊ ပေါင်း၍ သို့မဟုတ် ကင်၍ စားသင့်ပါသည်။

ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခြင်း

လူကြီးများအတွက် နေ့စဉ်နာရီဝက်ခန့် ခပ်သွက်သွက် လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်းနှင့် အိမ်ရှင်မများအတွက် အိမ်မှုကိစ္စများ ဆောင်ရွက်ခြင်းသည် သင့်လျော်သော ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ဖြစ်ပါ သည်။ ခရီးတိုများကို ကားမစီးဘဲ လမ်းလျှောက်ပါ။ အပေါ်ထပ်သို့ တက်လိုလျှင် ဓာတ်လှေကားကိုမသုံးဘဲ ကိုယ်တိုင်လှေကားမှ တက်ပါ။

ကလေးသူငယ်များသည် နေ့စဉ်တစ်နာရီခန့် ကစားသင့်ပါသည်။ ရုပ်မြင်သံကြား ကြည့်ရှုသည့်အချိန်နှင့် တီဗွီဂိမ်းကစားသည့် အချိန်ပမာဏကို လျှော့ပါ။ အိမ်နှင့်ကျောင်းတို့တွင် ကလေးများ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများကို ပုံမှန်ဆောင်ရွက်ရန် စီစဉ်ပေးပြီး ပါဝင်ဆောင်ရွက်ရန် လည်း တိုက်တွန်းအားပေးသင့်ပါသည်။

မိသားစု၊ မိတ်ဆွေအသိုင်းအဝိုင်းနှင့်စုပေါင်း၍ အားကစား လေ့ကျင့်ခန်းပြုလုပ်လျှင် စိတ်ဓာတ်တက်ကြွ၊ စိတ်ရွှင်လန်းသဖြင့် ပုံမှန် လေ့ကျင့်ဖြစ်မည် ဖြစ်ပါသည်။

'ဝ' ခြင်း၏အန္တရာယ်

ဝသောသူ၏ နှလုံးသည် ပုံမှန်အလေးချိန်ရှိသူ၏ နှလုံးထက်ပို၍ အလုပ်လုပ်ရသည်။ ဝသောသူတွင် အောက်ပါရောဂါများနှင့် နှလုံးရောဂါ ဖြစ်စေသော အခြေအနေများ ပို၍ဖြစ်ပေါ်နိုင်သည်–

- **သွေးတိုးရောဂါ** –နှစ်ဆမှ ခြောက်ဆပို၍ဖြစ်သည်။
- **သွေးအဆီဓာတ်များခြင်း** –ပြည့်ဝအဆီများ စားသုံးပါက ဝသောသူသည် ပုံမှန်ကိုယ် အလေးချိန် ရှိသူထက် သွေးအဆီဓာတ် ပိုတက်သည်။
- **ဆီးချိုသွေးချိုရောဂါ** –ဝေဒနာရှင်များ၏ ၈၀ ရာခိုင်နှုန်းသည် ဝသောသူများဖြစ်ကြသည်။
- **လေဖြတ်ရောဂါ** –ကလေးဘဝမှစ၍ ဝသူများသည် အသက် (၆၅) နှစ်မတိုင်မီ နှလုံးသွေးကြောရောဂါနှင့် လေဖြတ်ရောဂါကို သာမန်အလေးချိန်ရှိသူများထက် သုံးဆမှ ငါးဆ ပို၍ဖြစ်သည်။

ကိုယ်အလေးချိန်ကို လျှော့ချပါက ကျန်းမာရေးအကျိုးသက်ရောက်မှုများသည် ခြောက်ပတ်အတွင်း သိသာလာ မည်ဖြစ်ပါသည်။ သို့ပါ၍ ယခုနှစ် ကျင်းပသည့် နှလုံးကျန်းမာရေးနေ့၏ **အချိုးကျလှပကျန်းမာဖို့၊ ကိုယ်အလေး ချိန်ထိန်းကြစို့** ဟူသည့် ဆောင်ပုဒ်နှင့်အညီ လူတိုင်းမိမိတို့၏ ကိုယ်အလေးချိန်ကို မိမိတို့အရပ်အမောင်းအလိုက် ရှိသင့်သည့် ပုံမှန်ကိုယ်အလေးချိန်ဖြစ်စေရန် ထိန်းသိမ်းရုံသာမက ကိုယ်ခန္ဓာအချိုးအစားကိုလည်း ခါးတုတ်ဗိုက်စူမဖြစ်စေဘဲ အချိုးကျလှပစေရန် ထိန်းသိမ်းနေထိုင်ခြင်းဖြင့် ကျန်းမာ၍လှပသောသူများ ဖြစ်ကြစေရန် တိုက်တွန်းနှိုးဆော် အပ်ပါသည်။ ။

ကမ္ဘာ့နှလုံးကျန်းမာရေးနေ့

World Heart Day

(၂၅-၉-၂၀၀၅)

အချိုးကျလှပ ကျန်းမာဖို့
ကိုယ်အလေးချိန် ထိန်းကြစို့

"Healthy Weight and Healthy Shape"

ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား မြန်မာနိုင်ငံရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ၊ အစ္စရေးနိုင်ငံ၊ နီပေါနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၊ ပြင်သစ်သမ္မတနိုင်ငံ၊ အီတလီသမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း

အထွေထွေအတွင်းရေးမှူးအား သံအမတ်ကြီးများတွေ့ဆုံ

အသင်းကြီး၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ ဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား မြန်မာနိုင်ငံရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ အစ္စရေးနိုင်ငံ၊ နီပေါနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်ထောင်စု သမ္မတဂျာမနီနိုင်ငံ၊ ပြင်သစ်သမ္မတနိုင်ငံ၊ အီတလီသမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများနှင့် သံရုံးယာယီ တာဝန်ခံများသည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံး အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံကြသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူးဦးဌေးဦးနှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း၊ အတွင်းရေးမှူး ဦးသောင်း၊ ဗဟိုအလုပ်အမှုဆောင် ဦးစိုးသာနှင့် မကွေးတိုင်းနှင့် မွန်ပြည်နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ တက်ရောက်ကြသည်။ တွေ့ဆုံပွဲတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ နယ်မြေဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ် ငါးရပ်နှင့် ကျေးလက်မီးလင်းရေး၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားသည်။ ယင်းနောက် တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေး ဖြေကြားပြီး တွေ့ဆုံပွဲအခမ်းအနား နံနက် ၁၀နာရီခွဲတွင် ပြီးဆုံးသွားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း၊ အတွင်းရေးမှူး ဦးသောင်း၊ ဗဟိုအလုပ်အမှုဆောင် ဦးစိုးသာ မြန်မာနိုင်ငံရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ အစ္စရေးနိုင်ငံ၊ နီပေါနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၊ ပြင်သစ်သမ္မတနိုင်ငံ၊ အီတလီသမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများနှင့် သံရုံးယာယီ တာဝန်ခံများနှင့်အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် သံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

လှူဒါန်း

ရောဝတီတိုင်း မအူပင်မြို့ စာရေးကုန်းရပ်ကွက် ဝဋ္ဋေဝန်ကမ်းနားလမ်းနေ ဦးသိန်းဟန်-ဒေါ်အုန်းမြ၊ သား မောင်ဌေးအောင်၊ သမီး မဇင်မာနွယ် မိသားစုတို့က သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီးတွင် ဓာတ်လှေကား တပ်ဆင်ရန်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ပေးအပ်

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)လမ်းနေ (ဒေါက်တာဦးသန်းထွန်း)အား ရည်စူး၍ ကျန်ရစ်သူမိသားစုက ငွေကျပ် ၅၀၀၀၀၀ ကို ဘဏ္ဍာရေးမှူးဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၂၄-၉-၂၀၀၅ (စနေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၁၀	မေးကြည့်ဖြေကြည့်ပဟေဠိ
၇:၅၀	တေးဂီတအစီအစဉ်
၇:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၀၀	၂၀၀၅ခုနှစ် နိုင်ငံတကာ ဂေါက်သီးရိုက်ပြိုင်ပွဲ
၈:၃၀	ဇော်ဝင်းထွဋ် Live Show At MCC-1
၉:၀၀	ပြည်တွင်းသတင်းအကျဉ်း
၉:၀၅	မိုးလေဝသခန့်မှန်းချက်
၉:၁၀	တေးဂီတအစီအစဉ်
၉:၁၅	ဂုန်လျှော်နှင့်ဂုန်လျှော်ထွက် ပစ္စည်း
၉:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၃၅	တေးဂီတအစီအစဉ်
၉:၄၀	(၂၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြိုအားကစားအဖွဲ့ချုပ်များ၏ လေ့ကျင့်ပြင်ဆင်နေမှုများ (ရှုက်လေ)
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	မြန်မာ့ဂုဏ်ရည်
၁၀:၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၂၅	ရော်ဘာကြိုတ်လုံး ထုတ်လုပ်ပုံအဆင့်ဆင့်
၁၀:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅	FIFA World Sport (ဒုတိယပိုင်း)
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည (၂၃:၀၀) နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League
ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

၅:၁၅	ပွဲကြိုသုံးသပ်ချက်(၁)
လိုင်း	5-Cartoons
၆:၀၀	ပွဲကြိုသုံးသပ်ချက်(၂)
လိုင်း	5-Cartoons(Live)
၆:၁၀	BirminghamCity-Liverpool
လိုင်း	5-Cartoons(Live)
၈:၃၀	ManchesterUnited-Blackburn Rovers
လိုင်း	5-Movice(Live)
၈:၃၀	West Ham United-Arsenal
လိုင်း	5-Cartoone(Live)
၁၀:၄၀	Bolton Wanderers-Portsmouth
လိုင်း	5-Cartoons(Live)
၁၁:၃၀	Everton-Wigan Atheltic
လိုင်း	5-Movies(SDD)
၀၁:၀၀	Final Score
လိုင်း	5-Cartoons(Live)

စပါးခွံသုံး လျှပ်စစ်မီး ရရှိလာရာမှ ရုပ်မြင်သံကြားအပြင် ဂြိုဟ်တုစလောင်းများ တပ်ဆင်နိုင် ကျေးရွာ၌ တယ်လီဖုန်းတပ်ဆင်အသုံးပြု၊ စာကြည့်တိုက်ဖွင့်လှစ်၍ စာအုပ်စာတမ်းများ လေ့လာဖတ်ရှု

❍ ရခိုင်ပြည်နယ်မှ

ကျေးလက်ကွာဟမှု ကျဉ်းမြောင်းစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် ရခိုင်ပြည်နယ်ရှိ ကျေးလက်ဒေသများသည် ယခင်ကနှင့်မတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ရခိုင်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အကောင်အထည် ဖော်နိုင်မှုများကို ကြည့်ရှုစစ်ဆေးအားပေးရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရခိုင်ပြည်နယ်တာဝန်ခံ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၁၉ ရက်တွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၊ အပေါက်ဝကျေးရွာသို့ ရောက်ရှိခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဆောက်လုပ်ဆဲ ကျောင်းဆောင်အတွက် ငွေကျပ်သိန်း ၅၀ နှင့် ဗလာ စာအုပ် ဒါဇင် ၁၀၀ တို့ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက အပေါက်ဝကျေးရွာ အခြေခံပညာအထက် တန်းကျောင်း ဆောက်လုပ်ဆဲ ကျောင်းဆောင်အတွက် ငွေကျပ်သိန်း ၅၀ နှင့် ဗလာစာအုပ် ဒါဇင် ၁၀၀ ကို လည်းကောင်း၊ အပေါက်ဝကျေးရွာ ပရဟိတကျောင်းအတွက် ဗလာစာအုပ် ၄၄ ဒါဇင်နှင့် ဆန်အိတ် ၂၀ တို့ကို လည်းကောင်း၊ အပေါက်ဝကျေးရွာ စာကြည့်တိုက်အတွက် ဂျာနယ်နှင့် မဂ္ဂဇင်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အားကစားပစ္စည်းများနှင့် အဝတ်အထည်များကို ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းနုကလည်းကောင်း ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အပေါက်ဝကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းအတွက် လှူဒါန်းသည့် ဘိလပ်မြေအိတ် ၁၀၀ ကို အဖွဲ့ဝင်(၂) ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းကြည်က လည်းကောင်း လှူဒါန်းကြသည်။

ထို့နောက် ရပ်မိရပ်ဖ ဦးရွှေထွန်းမောင်က ကျေးဇူးတင်စကား ပြောကြားရာတွင် မိမိတို့ အပေါက်ဝကျေးရွာသည် နယ်စပ်ဒေသ မဟုတ်သော်လည်း ဆက်သွယ်သွားလာနိုင်သည့် လမ်းကြောင်း နည်းပါးပြီး ရေလမ်းကိုသာ အားကိုးနေရသည်မှာ နှစ်ပေါင်းကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ယနေ့ နိုင်ငံတော်အစိုးရလက်ထက်မှသာ လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်လာမှုကြောင့် အပေါက်ဝကျေးရွာ၏ စီးပွားရေး၊ လူမှုရေး သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးကြသည့် နိုင်ငံတော် အစိုးရနှင့် လူမှုရေးအသင်းအဖွဲ့များကို ကျေးရွာသူ၊ ကျေးရွာသားများ၏ ကိုယ်စားကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် အပေါက်ဝကျေးရွာ ချောင်းဝဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းသည်။ ထို့နောက် အပေါက်ဝကျေးရွာ၌ ပြုလုပ်သည့် စပါးခွံမီးစက်ဖြင့် ကျေးရွာမီးလင်းရေး ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အစီအစဉ်အရ အပေါက်ဝကျေးရွာ မီးလင်းရေး ကော်မတီဝင် ဦးဘစိန်က ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ညွှန်ကြားချက်အရ မီးလင်းရေးကော်မတီကို ဖွဲ့စည်းပြီး စပါးခွံမီးစက်ကို စတင်အသုံးပြုခဲ့ရာမှ လောင်စာဆီ ခြိုးခြံချွေတာရာ ရောက်ပြီး ရွာက ထွက်ရှိသည့် စပါးခွံများကို အကျိုးရှိစွာ သုံးစွဲတတ်လာကြောင်း၊ ထိုကဲ့သို့ စပါးခွံမီးစက်ဖြင့် ကျေးရွာ မီးလင်းလာမှုကြောင့် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများ သိသိသာသာ တိုးတက်လာပြီဖြစ်ကြောင်း တင်ပြသည်။

ထို့နောက် လယ်သမားကြီး ဦးဦးသာဖြူက အရေးပါအရာရောက်သည့် လျှပ်စစ်မီးလင်းရေး လုပ်ငန်းကို ဆောင်ရွက်ပေးကြသည့် တာဝန်ရှိသူများအား ရွာသူ၊ ရွာသားများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ ကျေးရွာ ဒေသနှင့် အလွန်ကိုက်ညီသည့် စပါးခွံသုံး မီးစက်ဖြင့် မီးလင်းလာမှုကြောင့် စီးပွားရေး၊ လူမှုရေး ကိစ္စများ တိုးတက်လာ၍ ကျေးရွာသူ၊ ကျေးရွာသားများ ဝမ်းသာကြည်နူးနေကြကြောင်း ပြောကြားသည်။

ယင်းနောက် စပါးခွံမီးစက်ကို အပေါက်ဝကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းရွှေမောင်နှင့် ကျေးရွာမီးလင်းရေးကော်မတီဝင် ဦးဘစိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် အပေါက်ဝကျေးရွာ စိုက်ပျိုးရေး ပညာပေးစခန်းသို့ သွားရောက်ပြီး မျိုးစပါး ယှဉ်ပြိုင်ကွက်ကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမန်နေဂျာ ဦးကြည်ဟန်က မျိုးစပါး ယှဉ်ပြိုင်ကွက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ တောင်သူ လယ်သမားများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် ရင်းရင်းနှီးနှီး ဆွေးနွေးမှာကြားသည်။

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အပေါက်[...] ကျေးရွာ၌ စပါးခွံမီးစက်ဖြင့် ကျေးရွာမီးလင်းရေး[...] ဖွင့်ပွဲအခမ်းအနားတွင် စပါးခွံမီးစက်ကို ပြည်ထောင်[...] ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အ[...] ဆောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချု[...] သိန်းဆွေနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးစဉ်[...] (သတင်းစဉ်)

အပေါက်ဝကျေးရွာ အခြေခံပညာ အထက်[...] ကျောင်းအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါ[...] ကျင်းပသည့်အချိန်နှင့် တစ်ပြိုင်တည်းမှာပင် ရခိုင်ပြည်[...] ဒုတိယပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်[...] မိုးဆွေ၊ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်[...] ဇော်ဝင်း၊ အထူးကုဆရာဝန်ကြီးများနှင့် သမားတော်[...] များပါဝင်သည့် အဖွဲ့သည် ဒေသခံပြည်သူများ[...] အခမဲ့ ဆေးကုသပေးခြင်း ခွဲစိတ်ကုသပေးခြင်း[...] ဆောင်ရွက်ခဲ့ရာ မျက်စိရောဂါစမ်းသပ်ခြင်း၊ နား၊ နှာခေါ[...] လည်ချောင်းရောဂါ စမ်းသပ်ခြင်း၊ တီဘီရောဂါ စမ်း[...] ခြင်း၊ သွားရောဂါစမ်းသပ်ခြင်း၊ ကလေးလူနာ၊ မီး[...] သားဖွားဝေဒနာ စမ်းသပ်ခြင်း၊ ငှက်ဖျားရောဂါ စမ်း[...] ခြင်းနှင့် အခြားရောဂါစမ်းသပ်ခြင်းစသည့် ကျေးရွာ[...] စုစုပေါင်း ၉၆၆ ဦးတို့အား ကျန်းမာရေးစစ်ဆေး ဆေ[...] ကုသပေးခဲ့သည်။

ကျေးလက်စကားဝိုင်းဖွဲ့

အလားတူ လူမှုရေးအသင်းအဖွဲ့များဖြစ်ကြ[...] ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်[...] မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များကလ[...] ကျေးလက်စကားဝိုင်းများ ဖွဲ့စည်းပြီး ကျေးလက်ပြ[...] များနှင့် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ကျေးလက်စကားဝိုင်းတွင် ကျေးလ[...] အမျိုးသမီးများက ကိုယ်ဝန်ဆောင် မိခင်များ[...] အန္တရာယ်ကင်းရှင်းစွာ မွေးဖွားနိုင်ရေးအတွက် ဆောင်[...] နေမှုများ၊ ကလေးသူငယ်များ ကျန်းမာဖွံ့ဖြိုးတိုးတက်[...] ဆောင်ရွက်နေမှုများ၊ တီဘီ၊ သွေးလွန်တုပ်ကွေး၊ ငှက်[...] နှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်အောင် ကြို[...] ဆောင်ရွက်မှုများ၊ သန့်ရှင်းသော သောက်သုံးရေ ရရှိ[...] အတွက် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ လူမှု[...] အသင်းအဖွဲ့များက အကူအညီပေးနိုင်မှုများနှင့် ပတ်သ[...] ပြီး မေးမြန်းရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး[...]

ရခိုင်ပြည်နယ်ကျောက်တော်မြို့နယ် အပေါက်ဝ ကျေးရွာ အမျိုးသမီးရေးရာ စကားဝိုင်းတွင် မြို့နယ်နှင့် ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အသေးစိတ် ဆွေးနွေး တင်ပြကြစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်ကျောက်တော်မြို့နယ် အပေါက်ဝ ကျေးရွာ၌ စပါးခွံမီးစက်ဖြင့် ကျေးရွာမီးလင်းရေး ဖွင့်ပွဲအခမ်းအနားတွင် စပါးခွံမီးစက်ကို အပေါက်ဝ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းရွှေမောင်နှင့် ကျေးရွာမီးလင်းရေး ကော်မတီဝင် ဦးဘစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး စဉ်။ (သတင်းစဉ်)

* ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် ရခိုင်ပြည်နယ်ရှိ ကျေးလက်ဒေသများသည် ယခင်ကနှင့် မတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်လာခဲ့။
* ယနေ့ နိုင်ငံတော်အစိုးရလက်ထက်မှသာ လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်။
* စပါးခွံမီးစက်ကို စတင်အသုံးပြုခဲ့ရာမှ လောင်စာဆီ ခြိုးခြံချွေတာရာရောက်ပြီး ရွာက ထွက်ရှိသည့် စပါးခွံများကို အကျိုးရှိစွာ သုံးစွဲတတ်လာ။
* ကျေးရွာဒေသနှင့် အလွန်ကိုက်ညီသည့် စပါးခွံသုံး မီးစက်ဖြင့် မီးလင်းလာမှုကြောင့် စီးပွားရေး၊ လူမှုရေးကိစ္စများ တိုးတက်။

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အ[...] ကျေးလက် တယ်လီဖုန်း တပ်ဆင်ထားရာ ဒေသခံ[...] ဆက်သွယ် အသုံးပြုနေသည်ကိုတွေ့ရစဉ်။





ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အပေါက်ဝ ကျေးရွာ၌ စပါးခွံမီးစက်ဖြင့် ကျေးရွာမီးလင်းရေး ဖွင့်ပွဲအခမ်းအနားတွင် စပါးခွံမီးစက်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အပေါက်ဝကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းပွဲကျင်းပသည့်အချိန်နှင့် တစ်ပြိုင်တည်းမှာပင် ရခိုင်ပြည်နယ် ဒုတိယပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးဆွေ၊ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာဇော်ဝင်း၊ အထူးကုဆရာဝန်ကြီးများနှင့် သမားတော်ကြီးများပါဝင်သည့် အဖွဲ့သည် ဒေသခံပြည်သူများအား အခမဲ့ ဆေးကုသပေးခြင်း ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ခဲ့ရာ မျက်စိရောဂါစမ်းသပ်ခြင်း၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ စမ်းသပ်ခြင်း၊ တီဘီရောဂါ စမ်းသပ်ခြင်း၊ သွားရောဂါစမ်းသပ်ခြင်း၊ ကလေးလူနာ၊ မီးယပ်သားဖွားဝေဒနာ စမ်းသပ်ခြင်း၊ ငှက်ဖျားရောဂါ စမ်းသပ်ခြင်းနှင့် အခြားရောဂါစမ်းသပ်ခြင်းစသည့် ကျေးရွာလူထု စုစုပေါင်း ၉၆၆ ဦးတို့အား ကျန်းမာရေးစစ်ဆေး ဆေးဝါးကုသပေးခဲ့သည်။

ကျေးလက်စကားဝိုင်းဖွဲ့

အလားတူ လူမှုရေးအသင်းအဖွဲ့များဖြစ်ကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များကလည်း ကျေးလက်စကားဝိုင်းများ ဖွဲ့စည်းပြီး ကျေးလက်ပြည်သူများနှင့် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ကျေးလက်စကားဝိုင်းတွင် ကျေးလက်မှ အမျိုးသမီးများက ကိုယ်ဝန်ဆောင် မိခင်များအား အန္တရာယ်ကင်းရှင်းစွာ မွေးဖွားနိုင်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ကလေးသူငယ်များ ကျန်းမာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများ၊ တီဘီ၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျားနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်အောင် ကြိုတင်ဆောင်ရွက်မှုများ၊ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ လူမှုရေးအသင်းအဖွဲ့များက အကူအညီပေးနိုင်မှုများနှင့် ပတ်သက်ပြီး မေးမြန်းရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများက ရှင်းရှင်းနီးနီး ပြန်လည်ဖြေကြားဆွေးနွေးသည်။

တစ်ချိန်တည်းမှာပင် ကျင်းပသည့် အမျိုးသမီးရေးရာ စကားဝိုင်းတွင် မြို့နယ်နှင့် ကျေးရွာအမျိုးသမီးရေးရာ အဖွဲ့ဝင်များက အပေါက်ဝကျေးရွာ၌ ဆောင်ရွက်ခဲ့သော ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အသေးစိတ်ဆွေးနွေး တင်ပြကြပြီး ဒေသခံအမျိုးသမီးများ၏ မေးမြန်းမှုများကို အဖွဲ့ဝင်များက ရှင်းရှင်းနီးနီး ပြန်လည်ဖြေကြားကြသည်။

မျက်မြင်ထင်ရှား

အဆိုပါ လုပ်ရှားမှုများကို ဂဃနဏဆန္ဒစွဲ မပါဘဲ ကြည့်ရှုလေ့လာ သုံးသပ်ရမည်ဆိုပါက နိုင်ငံတော်အစိုးရ အနေဖြင့် မြို့ကြီးများမှာပင် ကျန်းမာရေးစောင့်ရှောက်မှုများကို ပေးနေသည် မဟုတ်ဘဲ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅) ရပ်နှင့်အညီ ကျေးရွာများ၏ ကျန်းမာရေးကို ဇောက်ချ၍ လုပ်ကိုင်ဆောင်ရွက်ပေးနေသည်မှာ မျက်မြင်ထင်ရှားပင်ဖြစ်သည်။

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အပေါက်ဝ ကျေးရွာအနေဖြင့် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူများ ပေါင်းစည်းညီညွတ်မှုဖြင့် ကျေးလက်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့ရမှု၏ ရလဒ်အဖြစ် ယခင်ကနှင့်မတူ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

စပါးခွံသုံး လျှပ်စစ်မီးရရှိလာရာမှ ရုပ်မြင်သံကြား အစီအစဉ်များအပြင် ဂြိုဟ်တုစလောင်းများကိုလည်း တပ်ဆင်အသုံးပြုလာနိုင်သည်ကို တွေ့ရသည်။ အပေါက်ဝကျေးရွာ၌ တယ်လီဖုန်းတပ်ဆင်အသုံးပြုနိုင်သည့်အပြင် ကျေးလက်စာကြည့်တိုက် ဖွင့်လှစ်၍ ဗဟုသုတ တိုးပွားရန် စာအုပ်စာတမ်းများကို လေ့လာဖတ်ရှုနိုင်လျက်ရှိသည်။

အပေါက်ဝ ကျေးရွာ၌ ကျေးရွာစပါးစိုက်ခင်းများ၊ မွေးမြူရေးခြံကြီးများလည်း ဖြစ်ထွန်း အောင်မြင်လျက်ရှိသည်။ စစ်တွေ-ရန်ကုန် ကားလမ်းနှင့် နီးကပ်သဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းကြောင့် စီးပွားရေး အခြေအနေ တိုးတက်လာသည်မှာလည်း မျက်မြင်ထင်ရှား ဖြစ်သည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အပေါက်ဝ ကျေးရွာတွင် ကျေးလက် တယ်လီဖုန်း တပ်ဆင်ထားရာ ဒေသခံကျေးလက်ပြည်သူများ ဆက်သွယ် အသုံးပြုနေသည်ကိုတွေ့ရစဉ်။ (သတင်းစဉ်)



ယနေ့မြင်ရ ပြည်ထောင်စုအလှ

* လက်ခံသူ ကြည်ဖြူ
ကူညီသူ ဝမ်းသာ
မေတ္တာစေတနာ
ကြည်နူးစရာမြင်ကွင်း
ဒီသတင်းမျိုးတွေ
မြန်မာပြည်တစ်လွှား
ထပ်မနားနေ့စဉ်
ကြားမြင်နေရ
မြင်သမျှပြည်သူ
ရည်တူဝမ်းသာ မုဒိတာ။
* မေတ္တာ စေတနာ မုဒိတာ
သုံးဖြာယှက်လှယ်
ဆက်နွယ်ကြောင်းပြု
ဒို့ပြည်ထောင်စု
ရှု၍မဝ ကြည့်တိုင်းလှ
အဟောဝတ ကောင်းလေစွ။ ။

မိလက္ခ

တောင်အာဖရိကနိုင်ငံ သံအမတ်ကြီး ခန့်အပ်ရန် သဘောတူညီ

ရန်ကုန် စက်တင်ဘာ ၂၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စစ်ဘူယီဆီဝီ၊ မော်ရင်းဖီတို၏ နေရာတွင် မစ္စစ်ပါးလ်၊ နွမ်ဗယူးမ်၊ မာဂါကွာအား ခန့်အပ်ရန် သဘောတူလိုက်ပြီးဖြစ်သည်။

မစ္စစ်ပါးလ်၊နွမ်ဗယူးမ်၊ မာဂါကွာကို ၁၉၅၇ ခုနှစ်၊ ဇွန်လ ၄ရက်နေ့တွင် မွေးဖွားခဲ့သည်။ သူမသည် ၁၉၇၈ ခုနှစ်တွင် ထရန်စတိုင်း တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် ဘူလ်ဂေးရီးယားရှိ ဆိုဖီယာတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် သူမသည် ကက်ပီးတဲလ်ရေဒီယိုတွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၈၈ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ အဝေးရောက်တောင်အာဖရိက အမျိုးသားကွန်ဂရက်(အေအင်စီ)ပါတီဝင်တစ်ဦးအနေဖြင့် ဇမ်ဘီယာနိုင်ငံနှင့် ဇင်ဘာဘွေနိုင်ငံတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၁ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ တောင်အာဖရိက လေကြောင်းလိုင်းတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ သူမသည် တောင်အာဖရိကရှိ ဒိုင်မလာခရိုက်စလာကုမ္ပဏီတွင် ၁၉၉၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၀၄ ခုနှစ် မေလတွင် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးရုံးတွင် ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၎င်းအား ၂၀၀၅ ခုနှစ်တွင် ထိုင်းနိုင်ငံဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ပေး ခန့်အပ်ခဲ့သည်။

မစ္စစ်ပါးလ်၊ နွမ်ဗယူးမ်၊ မာဂါကွာသည် ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိက သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ (သတင်းစဉ်)

စစ်ကိုင်းတောင်ရိုး သီတဂူဆရာတော် ကိုးပါးသီလတရားတော်မြတ် ဟောကြားချီးမြှင့်မည်

ရန်ကုန် စက်တင်ဘာ ၂၃

၁၃၆၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၈ ရက်၊ ၂၀၀၅ ခုနှစ် စက်တင်ဘာ ၂၅ ရက် (တနင်္ဂနွေနေ့)တွင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဉာဏိဿရက နဝင်္ဂဥပေါသထ ကိုးပါးသီလ တရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်းအစီအစဉ်အပြီးတွင် ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။ (သတင်းစဉ်)

ကျေးစူးရှင်မိခင်ကြီး ဒေါ်တင်လှ ခြောက်နှစ်ပြည့်အား ရည်စူး၍ သား ဦးကြည်ညွှန့် ဒဂုံမြို့နယ် အမှတ်(၁၂) စံကားဝါလမ်း မင်းကွန်းဆရာတော်ကြီး တိပိဋကကျောင်းတော်၏ တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အလှူတော်ငွေ ကျပ်ငါးသိန်းကို ပိဋကနစ်ပုံဆောင် ဆရာတော် ဘဒ္ဒန္တအဂ္ဂသာရာလင်္ကာရထံမှ အနုမောဒနာနာယူပြီး ရေစက်ချ၍ တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၉-၂၀၀၅ (စနေနေ့)

၁၃၆၇ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၇)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ အတီးပြိုင်ပွဲ
၇း၅၅ ၆။ တေးဂီတအစီအစဉ်
၈း၁၀ ၇။ အကပြိုင်ပွဲ
၈း၂၀ ၈။ ရွှေလောင်းတံတား
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Grammar Made Easy.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ပြည်တွင်းသတင်း
၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၃၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စောရဝိဇ္ဇာနှင့်မိစ္ဆာခွင်းမား" (အပိုင်း-၄၀)**
၁း၁၅ ၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁း၂၀ ၈။ **"ဒဟတ်ပန်းတစ်ခိုင်" (မင်းမော်ကွန်း၊ မြသဥ္ဇာလီ) (ဒါရိုက်တာ- မောင်မောင်ဇော်ဝင်း)**
၁း၄၅ ၉။ ဘက်စုံဖွံ့ဖြိုးတိုးတက် နတ်ကြီးချောင်းကျေးလက်
၂း၀၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၁၅ ၁၁။ အဆိုပြိုင်ပွဲ
၂း၂၅ ၁၂။ **"အရေးကြီးလို့ပါ" (ခင်လှိုင်၊ ခင်နွဲ့နွဲ့မူ) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)**
၂း၃၄ ၁၃။ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (ကရာတေးဒို)
၂း၄၅ ၁၄။ International News.
၃း၀၀ ၁၅။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English For Everyday Use.
၄း၄၅ ၄။ အမှတ်(၃)အခြေခံပညာဦးစီးဌာန တတိယအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု) (အထက-၁၊ တောင်ဥက္ကလာပ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၅း၁၅ ၆။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃)ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန်(ဓမ္မပူဇာတေး) (ဝါသနာရှင်အဆင့်) (အမျိုးသား)
၅း၃၀ ၇။ မန္တလေး စိန်ဒူးဝါးဆိုင်းအဖွဲ့ ဖျော်ဖြေခန်း
၅း၄၅ ၈။ တေးဂီတအစီအစဉ်
၅း၅၅ ၉။ မြန်မာစာ၊ မြန်မာစကား
၆း၁၀ ၁၀။ တန်ခိုးတော်အနန္တ ပြည့်ဝမွမ်းထုံ ရွှေစည်းခုံ
၆း၃၀ ၁၁။ ညနေခင်းသတင်း
၇း၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိမ်းလဲ့မေတ္တာကန်သာယာ" (အပိုင်း-၉)**
၇း၃၅ ၁၄။ အချိုးကျလှပကျန်းမာဖို့ ကိုယ်အလေးချိန် ထိန်းကြစို့
၇း၄၅ ၁၅။ ဖွံ့ဖြိုးတိုးတက် သီးပွင့်ဝေဆာ ကတိုးကော့နတ်ကျေးရွာ
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ထာဝရချစ်သူ" (အပိုင်း-၁၀)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။
၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။
၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။
၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် မြောင်းဘွေကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အလှူငွေ၊ စာအုပ်၊ စာရေးကိရိယာနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးဇော်ရွှေ လက်ခံစဉ်။ (သတင်းစဉ်)

❀ ကျောဖုံးမှ

လှူဒါန်းရာ မြို့နယ် ပညာရေးမှူးက လက်ခံသည်။ ဆက်လက်၍ အလှူရှင် ၁၄ဦးတို့က အလှူငွေများကို လှူဒါန်းရာ ပြည်နယ်ပညာရေးမှူး ဦးအေးကြိုင်က လက်ခံသည်။ ယင်းနောက် ဝန်ကြီးသည် မြောင်းဘွေကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၏ သင်ထောက်ကူပြု စာသင်ခန်းများကို ကြည့်ရှုသည်။ ထို့နောက် ဝန်ကြီးသည် အထူးကုဆရာဝန်ကြီးများက ပြည်သူများအား ဆေးကုသပေးနေမှုများကို ကြည့်ရှု၍ အားပေးစကားပြောကြားသည်။ ဆက်လက်၍ (၁၆)ခုတင်ဆံ့ ဆေးရုံသို့ သွားရောက်ကြည့်ရှုပြီး ဓာတ်မှန်ခန်းအတွက် ငွေကျပ် ၁၀သိန်းလှူဒါန်းရာ တိုက်နယ်ဆရာဝန် ဒေါက်တာသန်းနိုင်စိုးက လက်ခံသည်။

စာကြည့်တိုက်ဖွင့်လှစ်ပေး

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး စာကြည့်တိုက် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မိုးစိန်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ စာကြည့်တိုက်ကို ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ဝန်ကြီးသည် မြောက်ဦးမြို့နယ် ကျေးရွာစာကြည့်တိုက်သို့ အလှူငွေကျပ်တစ်သိန်းနှင့် စာအုပ်၊ ဂျာနယ်များကို ပေးအပ်လှူဒါန်းရာ မြောက်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်လှဝေက လက်ခံသည်။ ထို့နောက် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းနုက စာအုပ်နှင့် မဂ္ဂဇင်းများကိုလှူဒါန်းရာ စာကြည့်တိုက်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်မိုးစိန်က လက်ခံသည်။

ထို့နောက် ဝန်ကြီးသည် မြောင်းဘွေကျေးရွာ သာသနာ့မဏ္ဍိုင် ဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တ နန္ဒက ထံမှ ငါးပါးသီလခံယူပြီး ဝါဆိုသင်္ကန်း ကပ်လှူသည်။

အခမဲ့ဆေးပညာ

ပညာရေးထောက်ပံ့ငွေ ပေးအပ်လှူဒါန်းပွဲကျင်းပသည့် အချိန်နှင့် တစ်ပြိုင်တည်းမှာပင် ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန ဒုတိယပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးဆွေ၊ အထွေထွေရောဂါကုဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်ဝင်း၊ အထူးကုဆရာဝန်ကြီးများနှင့် သမားတော်ကြီးများ ပါဝင်သောအဖွဲ့သည် ဒေသခံပြည်သူများအား အခမဲ့ ဆေးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ရာ မျက်စိဝေဒနာရှင်များ၊ နား၊ နှာခေါင်း၊ လည်ချောင်းဝေဒနာရှင်များ၊ ကလေးလူနာများ၊ မီးယပ်သားဖွား ဝေဒနာရှင်များ၊ ငှက်ဖျားဝေဒနာရှင်များနှင့် အခြား ဝေဒနာရှင်များအား ကျန်းမာရေးစစ်ဆေး ဆေးဝါးကုသပေးခဲ့ကြသည်။ အလားတူ လူမှုရေးအသင်းအဖွဲ့များဖြစ်ကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များကလည်း ကျေးလက်စကားဝိုင်းများဖွဲ့စည်း၍ ကျေးလက်ပြည်သူများနှင့် ဆွေးနွေးခဲ့ကြပြီး ကျေးလက်ပြည်သူများ၏ ဆွေးနွေးမေးမြန်းမှုများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများက ရှင်းရှင်းနီးနီး ပြန်လည်ဖြေကြားကြသည်။

တစ်ချိန်တည်းမှာပင် ကျင်းပသည့် အမျိုးသမီးရေးရာ စကားဝိုင်းတွင် မြို့နယ်နှင့် ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင်များက မြောင်းဘွေကျေးရွာ၌ ဆောင်ရွက်ခဲ့သော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးကြပြီး မေးမြန်းမှုများကို ရှင်းနီးပွင့်လင်းစွာ ပြန်လည်ဖြေကြားကြသည်။

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် မြောင်းဘွေကျေးရွာသည် နိုင်ငံတော်က ဆောင်ရွက်ပေးနေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅) ရပ်နှင့်အညီ ကျန်းမာရေး၊ ပညာရေး၊ ရေရရှိမှု၊ လျှပ်စစ်မီးရရှိမှု၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်မှုတို့ကြောင့် မနေ့ကနှင့်မတူ ယနေ့ဖွံ့ဖြိုးတိုးတက်နေသည်ဟုသက်သေပြလျက်ရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် မြောင်းဘွေကျေးရွာ၌ အမျိုးသမီးရေးရာစကားဝိုင်းတွင် မြို့နယ်နှင့် ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဒေသခံ အမျိုးသမီးများနှင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

အရဏ်ဆွမ်းလောင်းလှူ

စက်တင်ဘာ ၂၁ရက်က ရန်ကုန်တိုင်း သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ အောင်ဓမ္မရိပ်သာ ပဓာနနာယက အောင်စေတီ ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏသာရအား အမှူးထား၍ တပည့်ဒါယကာ၊ ဒါယိကာမများက နှစ်စဉ် ဝါတွင်းသုံးလပတ်လုံး ဗုဒ္ဓဟူးနေ့တိုင်း အရုဏ်ဆွမ်းလောင်းလှူကြစဉ်။

(က-ပ)

ဥပဒေဘွဲ့ရကျောင်းသားများ အာစရိယပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တက္ကသိုလ်(၁၉၈၂မှ ၁၉၈၈) ဥပဒေဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၆ခုနှစ် ဇန်နဝါရီ ၈ရက်တွင် ကျင်းပမည်ဖြစ်သည်။

အလှူငွေများကို ပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဘတင့်ဆွေ ဖုန်း-၀၉-၅၀-၁၂၀၆၀၊ အတွင်းရေးမှူး ဦးခင်မောင်မြင့် ဖုန်း-၅၁၀၂၁၁ (လိုင်းခွဲ-၃၀၁)၊ ဒေါ်တင်တင်ဝါ ဖုန်း-၀၉-၅၀-၁၈၇၄၀၊ ဒေါက်တာတင်ဌွေးအိ ဖုန်း-၀၉-၅၀-၀၅၀၃၉၊ ဦးယုနု(စ်) ဖုန်း-၀၉-၅၀-၂၂၇၄၂၊ ဒေါ်နှင်းနှင်းအေး ဖုန်း-၀၉-၉၉-၂၃၇၄၁၊ ဦးခင်မောင်စိုး ဖုန်း-၀၉-၅၀-၁၀၄၅၅၊ ဒေါ်စန္ဒာရွှေ ဖုန်း-၅၅၈၄၀၇ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကြည့်ရှုအားပေး

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် မြောင်းဘွေကျေးရွာ၌ အထူးကုဆရာဝန်ကြီးများက ပြည်သူများအား ဆေးကုသပေးနေမှုများကို ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ရခိုင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းနုနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းကာယဗလမောင်ရွေးပွဲနှင့် ကာယအလှမယ်ပြိုင်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်း ကာယဗလနှင့် ကာယအလှဆပ်ကော်မတီမှ ကြီးမှူး၍ Lolane အလှကုန်ပစ္စည်းလုပ်ငန်း၏ ပံ့ပိုးကူညီမှုဖြင့် ၂၀၀၅ခုနှစ် ပြည်နယ်နှင့်တိုင်းပြိုင်ပွဲအတွက် ရန်ကုန်တိုင်း ကာယဗလမောင်ရွေးပွဲကို အောက်တိုဘာ ၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကာယဗလမောင်ပြိုင်ပွဲတွင် ကီလို ၆၀၊ ၆၅၊ ၇၀၊ ၇၅ နှင့် ၇၅ ကီလို အထက်ဟူ၍ ခွဲခြားထားသည်။ ၎င်းပြိုင်ပွဲနှင့်အတူ မိုးဇကရီ ကာယအလှမယ်နှင့် Miss Lolane ကာယအလှမယ်ပြိုင်ပွဲကို ပူးတွဲကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များသည် စက်တင်ဘာ ၂၉ ရက် နောက်ဆုံးထား စာရင်းပေးသွင်းရမည် ဖြစ်ပြီး စက်တင်ဘာ ၃၀ရက်တွင် ပြိုင်ပွဲဝင်များကို ဆေးစစ်မည်ဖြစ်သည်။ ဝင်ခွင့်လက်မှတ်တစ်စောင်လျှင် ကျပ် ၅၀၀ဖြင့် ရောင်းချမည်ဖြစ်ပြီး ကံစမ်းမဲနှင့်အတူ ရန်ကုန်တိုင်း ကာယအလှမယ်များနှင့် Lolane အဖွဲ့မှ တေးဂီတများနှင့် ဖျော်ဖြေမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက အတွင်းရေးမှူး ဦးကျော်စိန်သန်း ရုံး-၃၇၄၅၀၂ (အောင်ဆန်းအားကစားပြိုင်ကွင်း)၊ အိမ်-၅၅၉၆၁၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၉-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော်ဦးဃောသိတ တရားတော် - ဝေဒနာနုပဿနာသတိပဋ္ဌာန်
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၅။ မျိုးချစ်တပ်မတော်
၅:၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှု အစီအစဉ် -The Economic Aspects of Population (ပထမနှစ်-စီးပွားရေးပညာ)
၅:၃၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၅၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပျံသာပျံပါထက်အာကာ" (အပိုင်း-၉)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ English Premier League ဘောလုံးပွဲ Bolton Wanderers Vs Portsmouth. (live)
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ကိုရီးယားသမ္မတနိုင်ငံမှ ရုပ်ရှင်နှင့်ဂီတ အနုပညာရှင်များအဖွဲ့ တွေ့ဆုံဂါရဝပြု

ရန်ကုန် စက်တင်ဘာ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ကိုရီးယားရုပ်ရှင်သရုပ်ဆောင်များ လေ့လာရေးလုပ်ငန်းစီမံချက်အရ ရန်ကုန်မြို့၌ ရောက်ရှိနေသော ကိုရီးယား သမ္မတနိုင်ငံမှ သရုပ်ဆောင် Mr. Jae Won Kim, Baby VOXအဖွဲ့နှင့် ရုပ်ရှင်နှင့်ဂီတအနုပညာရှင်များအဖွဲ့သည် ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံဂါရဝပြု နှုတ်ဆက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးမြင့်ငွေတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ကိုရီးယားရုပ်ရှင် သရုပ်ဆောင်များ လေ့လာရေးလုပ်ငန်းစီမံချက်အရ ကိုရီးယားသမ္မတနိုင်ငံမှ သရုပ်ဆောင် Mr. Jae Won Kim, Baby VOX အဖွဲ့နှင့် ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များအဖွဲ့က လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အာဆီယံနှင့်ကိုရီးယားသမ္မတနိုင်ငံတို့ ဆွေးနွေးဖက်နိုင်ငံ ဆက်ဆံရေး ထူထောင်သည့် (၁၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကိုရီးယားရုပ်ရှင်သရုပ်ဆောင်များ လေ့လာရေး လုပ်ငန်းစီမံချက်အရ ကိုရီးယားသမ္မတနိုင်ငံမှ သရုပ်ဆောင် Mr. Jae Won Kim, Baby VOX အဖွဲ့နှင့် ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များအဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာရာ ကြိုဆိုနှုတ်ဆက်သူများနှင့် အတူတွေ့ရစဉ်။ (သတင်းစဉ်)

ကိုရီးယားသမ္မတနိုင်ငံမှ ရုပ်ရှင်နှင့်ဂီတအနုပညာရှင်များအဖွဲ့ ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၃

အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ ဆွေးနွေးဖက်နိုင်ငံ ဆက်ဆံရေးထူထောင်သည့် (၁၅)နှစ်မြောက်အထိမ်းအမှတ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကိုရီးယားရုပ်ရှင်သရုပ်ဆောင်များလေ့လာရေးလုပ်ငန်းစီမံချက်အရ ကိုရီးယားသမ္မတနိုင်ငံမှ သရုပ်ဆောင် Mr. Jae Won Kim, Baby VOXအဖွဲ့နှင့် ရုပ်ရှင်နှင့်ဂီတအနုပညာရှင်များအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာကြရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ကိုရီးယားရုပ်ရှင်နှင့်ဂီတအနုပညာရှင်များအဖွဲ့သည် မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ရှေးဦးစွာ ပါမောက္ခချုပ် ဦးတင်စိုးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ကိုရီးယားရုပ်ရှင်နှင့်ဂီတအနုပညာရှင်များက မိတ်ဆက်စကား ပြန်လည်ပြောကြားကြပြီး ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသားကျောင်းသူများ၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီး၊ အမှတ်များဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး Mr. Lee Ju Heumက ကိုရီးယားရုပ်ရှင်နှင့် ဂီတအနုပညာရှင်များအဖွဲ့အား ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

မင်္ဂလာဈေးဓမ္မာရုံ ဝါတွင်းတရားပွဲ

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မင်္ဂလာဈေးဓမ္မာရုံတော်ကြီးတွင် စက်တင်ဘာ ၂၄ ရက် ည ၌ ဓမ္မဒူတအရှင်ဝိမလ(တောင်စွန်း)နှင့် အောက်တိုဘာ ၁ရက်ညတွင် ဓမ္မဒူတ အရှင်ကောသလ္လ(မုဒုံ)တို့က တရားတော်များကို ဟောကြားပြသမည် ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြန်အောင်မြို့နယ်အသင်း (ရန်ကုန်) မြန်အောင်မြို့သို့ သွားရောက်လှူဒါန်းမည်

ရန်ကုန် စက်တင်ဘာ ၂၃

မြန်အောင်မြို့နယ်အသင်း (ရန်ကုန်)သည် မြန်အောင်မြို့ပေါ်ရှိဘုရားကြီးများ၊ ဝါတွင်း သံဃာဒါနဆွမ်းလောင်းအသင်းများနှင့် ပရိယတ္တိစာပြန်ပွဲများ ကျင်းပရေးအဖွဲ့ထံသို့ သွားရောက်ပြီး အလှူငွေများကို ပေးအပ်လှူဒါန်းမည်ဖြစ်သည်။ စင်းလုံးငှားမော်တော်ယာဉ်ဖြင့် အောက်တိုဘာ ၁၃ ရက် (ကြာသပတေးနေ့) နံနက်တွင် ရန်ကုန်မှထွက်ခွာပြီး အောက်တိုဘာ ၁၆ (တနင်္ဂနွေနေ့) ညနေတွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိမည်ဖြစ်၍ လိုက်ပါလိုသူများသည် စက်တင်ဘာ ၂၇ရက်မှ၃၀ရက်အတွင်း ဦးအေးကိုကို (၂၂၅/၂၂၇) ပန်းဆိုးတန်းလမ်း (ပထမထပ်) ဖုန်း-၃၈၇၄၇၅ ထံ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

သတင်းစာပညာ သင်တန်းသား၊ သင်တန်းသူများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ကြည့်ရှုလေ့လာ

ရန်ကုန် စက်တင်ဘာ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သည့်သတင်းစာပညာသင်တန်း အမှတ်စဉ် (၁/၂၀၀၅)မှ သင်တန်းသား၊ သင်တန်းသူများသည် သင်တန်းမှူး ဦးဆွေသန့်ကိုနှင့် တွဲဖက်သင်တန်းမှူး ဦးညွန့်လှိုင်တို့ ခေါင်းဆောင်၍ ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူး (စီမံ) ဦးမောင်ဖေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ သင်တန်းသား၊ သင်တန်းသူများသည် စတူဒီယို(ဒီ)၌ မြန်မာ့အသံတူရိယာအဖွဲ့၏ ဖျော်ဖြေမှုကို လည်းကောင်း၊ စတူဒီယို(စီ)၌ အသံလွှင့်ဇာတ်လမ်း ထုတ်လွှင့်မှု လက်တွေ့သရုပ်ပြပုံကို လည်းကောင်း၊ စတူဒီယို (၁)၌ မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်ပြသမှုကိုလည်းကောင်းကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် စတူဒီယို (အေ)ခန်းမ၌ သင်တန်းသား၊ သင်တန်းသူများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အကြောင်း သိကောင်းစရာများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူး (စီမံ) ဦးမောင်ဖေက ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် သင်တန်းသား ခေါင်းဆောင် ဦးသန်းဦးက သင်တန်းသား၊ သင်တန်းသူများ ကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။ (သတင်းစဉ်)

ပြန်ကြားရေး ဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သည့် သတင်းစာပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၅)မှသင်တန်းသား၊ သင်တန်းသူများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၃-၉-၂၀၀၅)

ဘားအံ	**မြစ်ကြီးနား**
၄ ဒသမ ၀၂ လက်မ	၁ ဒသမ ၆၉ လက်မ
မော်လမြိုင်	**ရေး**
၃ ဒသမ ၉၄ လက်မ	၁ ဒသမ ၃၀ လက်မ
သထုံ	**သာယာဝတီ နှင့် ကျိုက္ခမီ**
၂ ဒသမ ၆၄ လက်မ	၁ ဒသမ ၁၀ လက်မ

၂၀၀၅ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောက်တိုဘာ ၅ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်

၂၀၀၅ ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၃

၂၀၀၅ ခုနှစ် အောက်တိုဘာတွင် ကျင်းပမည့် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဗဟိုကော်မတီဝင်များ၊ အတွင်းရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆပ်ကော်မတီအသီးသီးမှ အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၀၅ ခုနှစ် ဇွန်၊ ဇူလိုင်လအတွင်း ကျင်းပပြီးစီးခဲ့သော ကျောက်စိမ်း၊ ကျောက်မျက်အထူး ရောင်းချပွဲတွင် ရတနာပစ္စည်းများ ရောင်းချရမှု အခြေအနေနှင့် ၂၀၀၅ ခုနှစ် အောက်တိုဘာလ၌ ကျင်းပမည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချရန် ကျောက်မျက်ရတနာများ အတွဲ ဖွဲ့စည်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုကျောက်စိမ်း၊ကျောက်မျက်နှင့် ပုလဲဆပ်ကော်မတီ အတွင်းရေးမှူးများကလည်းကောင်း၊ ၂၀၀၅ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို စီမံရေးရာ ဆပ်ကော်မတီ၊လုံခြုံရေးဆပ်ကော်မတီ၊ပြန်ကြားရေးဆပ် ကော်မတီတို့မှ တာဝန်ရှိသူများကလည်းကောင်း အသီးသီး ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ၂၀၀၅ ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ၅ရက်မှ ၁၄ရက်အထိ ကျင်းပရန် သတ်မှတ်အတည်ပြုကြသည်။

ဆက်လက်၍ အထွေထွေပိုင်းတွင် ၂၀၀၅ ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲ အောင်အောင်မြင်မြင်ဖြင့် နိုင်ငံခြားငွေပိုမို တိုးတက်မြင့်မားစွာ ရောင်းချနိုင်ရေးအတွက် ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ရတနာပြပွဲ ဗဟိုကော်မတီဝင်များ၏ အကြံပြုဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားပြီး ၂၀၀၅ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ချောမော အောင်မြင်စေရန်အတွက် ညှိနှိုင်းဆောင်ရွက်သွားကြရန် နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မဟာစည်သြဝါဒခံယူ ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၃

(၅၆)ကြိမ်မြောက် မဟာစည်သြဝါဒခံယူပူဇော်ပွဲကို ဒီဇင်ဘာ ၁၆ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ မဟာစည်ရိပ်သာများ နာယကအဖွဲ့ ဦးသျှောင်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် မဟာစည်နယ်လှည့် ဓမ္မကထိကအဖွဲ့၊ သြဝါဒါစရိယ နာယက ဝန်ဆောင်အဖွဲ့ဝင်ဆရာတော်တို့သည် ဒီဇင်ဘာ ၁၄/၁၅ရက် အစည်းအဝေးအမီ မဟာစည်သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့သို့ ကြွရောက်ပါရန် ပင့်လျှောက်ထားသည်။

(က-ပ)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဗြိတိန်နိုင်ငံမှ မြန်မာ့ရေးရာသုတေသီ Professor, Robert H.Taylor က ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဗြိတိန်နိုင်ငံမှ မြန်မာ့ရေးရာသုတေသီ လာရောက်တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဗြိတိန်နိုင်ငံမှ မြန်မာ့ရေးရာသုတေသီ Professor, Robert H. Taylor သည် ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

(၈၂)ကြိမ်မြောက် မလေးရှား တံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် မြန်မာပြေးခုန်ပစ်အဖွဲ့ ရွှေ ငွေ ကြေး ဆုတံဆိပ်များ ဆွတ်ခူး

ရန်ကုန် စက်တင်ဘာ ၂၃

မလေးရှားနိုင်ငံ ပီနန်မြို့၌ (၈၂)ကြိမ်မြောက် မလေးရှား တံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲကို စက်တင်ဘာ ၂၂ ရက်မှ စတင်ကျင်းပလျက်ရှိသည်။

အဆိုပါ ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (ထူးထရေးဒင်းကုမ္ပဏီလီမိတက်-ဒါရိုက်တာ) ဦးမင်းသိန်း ခေါင်းဆောင်သည့် မြန်မာပြေးခုန်ပစ်အဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ယနေ့အထိ ရွှေငါးခု၊ ငွေသုံးခု၊ ကြေးတစ်ခုတို့ ရရှိနေပြီ ဖြစ်သည်။

စက်တင်ဘာ ၂၂ရက် ပထမနေ့တွင် ကျင်းပသည့် မီတာ ၁၀၀ ပြိုင်ပွဲ၌ ကေခိုင်လွင်က ၁၁ ဒသမ ၆၇ စက္ကန့်ဖြင့် ရွှေတံဆိပ်၊ လဲ့လဲ့ဝင်းက ၁၁ ဒသမ ၈၀ စက္ကန့်ဖြင့် ငွေတံဆိပ်၊ မီတာ ၅၀၀၀ ပြိုင်ပွဲ၌ အောင်သီဟက ၁၅ မိနစ် ၁၂ ဒသမ ၆၃ စက္ကန့်ဖြင့် ရွှေတံဆိပ်၊ ပပ က ၁၇ မိနစ် ၆၄ ဒသမ ၉ စက္ကန့်ဖြင့် ငွေတံဆိပ် ရရှိခဲ့ကြသည်။

ယနေ့ ဒုတိယနေ့တွင် မီတာ ၁၅၀၀ ပြိုင်ပွဲ၌ အောင်သီဟက ၃ မိနစ် ၅၃ ဒသမ ၇ စက္ကန့်ဖြင့် ရွှေတံဆိပ်၊ မြင့်မြင့်အေးက ၄မိနစ် ၂၂ ဒသမ သုည စက္ကန့်ဖြင့် ရွှေတံဆိပ်၊ မီတာ ၄၀၀ပြိုင်ပွဲ၌ ယဉ်ယဉ်ခိုင်က ၅၃ ဒသမ ၇ စက္ကန့်ဖြင့် ရွှေတံဆိပ်၊ ကေခိုင်လွင်က ၅၄ ဒသမ ၂ စက္ကန့်ဖြင့် ငွေတံဆိပ်၊ မီတာ ၁၅၀၀ပြိုင်ပွဲတွင် ပပက ၄မိနစ် ၄၄ဒသမ ၅ စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိကြသည်။

အဆိုပါ ပြိုင်ပွဲသို့ မြန်မာ၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ အင်ဒိုနီးရှားနှင့် ဟောင်ကောင်တို့မှ ပြေးခုန်ပစ်အားကစားသမားများပါဝင် ယှဉ်ပြိုင်လျက်ရှိသည်။ (သတင်းစဉ်)

ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ပရဟိတကျောင်းသို့ ငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၃

မြောင်းမြခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ ကြီးကြပ်မှုဖြင့် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၁ရက်က ခရိုင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် ကျိုက်လတ်မြို့ အမျိုးသမီးဘဝမြှင့်တင်ရေးပရဟိတကျောင်းအတွက် ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့၊ မြောင်းမြခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် လပွတ္တာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့က လှူဒါန်းငွေကျပ်တစ်သိန်း၊ ကျိုက်လတ်မြို့ အမျိုးသမီးဘဝ မြှင့်တင်ရေးပရဟိကျောင်းသို့ လှူဒါန်းငွေ ကျပ်သုံးသောင်း၊ လပွတ္တာမြို့နယ် မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များမှ လှူဒါန်းငွေကျပ် ခုနစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)** (ခရိုင်ပြန်/ဆက်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်၊ အလှူရှင်များက ပစ္စည်းများလှူဒါန်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ စေတနာရှင်အလှူရှင်များက လှူဒါန်းပစ္စည်းများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ထံ ဒါရိုက်တာ ဒေါ်တင်လတ်မင်း (ရွှေဗျိုင်းဖြူ ကုမ္ပဏီလီမိတက်) က ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ ဗလာစာအုပ် ဒါဇင် ၁၀၀၊ ခဲတံ ဒါဇင် ၁၀၀၊ ကလေးဝတ်မိုးကာ အင်္ကျီ ၄၅ ထည်နှင့် ကျောင်းလွယ်အိတ် ၄၅ လုံးတို့ကို ပေးအပ်လှူဒါန်းစဉ်။

(အမျိုးသမီးရေးရာ)

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်၊ အလှူရှင်များက လှူဒါန်းပစ္စည်းများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ စီမံရေးရာ ဌာနကြီးမှူး ဒေါက်တာခင်ဆန်းနွယ်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်ခင်ခင်လေးနှင့် အလှူရှင်များ တက်ရောက်ကြသည်။

လှူဒါန်း

အခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာနက လှူဒါန်းသော ကျပ်တစ်သိန်းတန်ဖိုးရှိ စာရေးဆရာမ မာမာ (ရွှေဟောင်းသုတေသန) ရေးသားသည့် "မိန်းမမြတ်အမေနှင့် အမေ့နေရာဝတ္ထုများ" စာအုပ် အုပ်ရေ ၁၀၀ ကို ဝန်ကြီး၏ဇနီး ဒေါ်ခင်ခင်လေးက လည်းကောင်း၊ ဒါရိုက်တာ ဒေါ်တင်လတ်မင်း (ရွှေဗျိုင်းဖြူကုမ္ပဏီလီမိတက်)က ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ ဗလာစာအုပ်ဒါဇင် ၁၀၀၊ ခဲတံဒါဇင် ၁၀၀၊ ကလေးဝတ် မိုးကာအင်္ကျီ ၄၅ထည်နှင့် ကျောင်းလွယ်အိတ် ၄၅လုံး တို့ကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်မည်

ရန်ကုန် စက်တင်ဘာ ၂၃

လွန်ခဲ့သော ၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားပျော့နေသည်။

စက်တင်ဘာ ၂၄ ရက်ညနေအထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအနည်းငယ်သာရှိပြီး ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်မည်။

အမျိုးသမီးများအား အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ အမျိုးသမီးများအား အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀နာရီတွင် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ အလုံ ပင်မ ဆေးသိုလှောင်ရေးဌာန ဝင်း အတွင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အသိပညာ ပေးဟောပြောပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း အမျိုးသမီး ရေးရာ အဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေး ဌာနကြီးမှူး အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်မေကြည်စိန်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေး ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာ ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပဲခူးတိုင်းဒေသ စည်းရုံးရေးမှူး အလုပ်သမားဝန်ကြီး ဌာန ဒုတိယဝန်ကြီး၏ ဇနီး ဒေါ်ဝေဝေသင်း၊ အသိပညာပေး ဟောပြောမည့် စာရေးဆရာမကြီး ဒေါ်စောမုံညင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၏ ဇနီးများ၊ အလုပ်သမား ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်း ရေးဌာနကြီးမှူး အလုပ်သမားဝန်ကြီး ဌာန ဝန်ကြီး၏ ဇနီး ဒေါ်မေကြည်စိန် က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အသိပညာရှင် အတတ် ပညာရှင်များအဖွဲ့ လူမှုရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့-အဖွဲ့ဝင် စာရေးဆရာမကြီး ဒေါ်စောမုံညင်းက "မျိုးချစ်စိတ်နှင့် ဇာတိမာန်" ခေါင်းစဉ်ဖြင့် အကျယ်တဝင့် ဟောပြောသည်။

ယင်းနောက် အလုပ်သမားဝန်ကြီး ဌာနမှ အဆိုပြုထားသော အမျိုးသမီး ရေးရာအဖွဲ့ဝင် အဆိုပြုလွှာ အင်အား ၂၀၀အတွက် ရန်ကုန်တိုင်း အမျိုးသမီး ရေးရာအဖွဲ့က ပေးအပ်သည့် အဖွဲ့ဝင် အဖြစ် အသိအမှတ်ပြု ကတ်ပြားများ နှင့် အမျိုးသမီးရေးရာ ရင်ထိုးတံဆိပ် များကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ခင်သက်ဌေးက ပေးအပ်ရာ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် စည်းကမ်း ထိန်းသိမ်း ရေး ဌာနကြီးမှူး အလုပ်သမားဝန်ကြီး ဌာန ဝန်ကြီး၏ ဇနီး ဒေါ်မေကြည်စိန် က လက်ခံရယူပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကိုးမိုင် (၅)ရပ်ကွက်နေ ဦးစန်းတင့်-ဒေါ်မြမြဝင်း၊ သမီး မသဲစုနိုင်တို့က နှစ်ဖက်သောမိဘများကို အမှူးထား၍ အလှူငွေ ကျပ်တစ်သိန်းကို နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ လက်ခံယူစဉ်။ (က-ပ)

ဓမ္မစေတီဆရာတော် တရားချီးမြှင့်မည်

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်လမ်း တာမွေအဝိုင်းထိပ်အနီး အောင်ချမ်းသာအိမ်ရာ တိုက်အမှတ် (၉)တွင် တည်ရှိသော အောင်ချမ်းသာ သာသနနုဂ္ဂဟ ဓမ္မာရုံတော်ကြီးတွင် ဝါတွင်းကာလ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဥပုသ်နေ့တိုင်း သံဃာတော် အရှင်သူမြတ်များအား အရုဏ်ဆွမ်းများလောင်းလှူခြင်း၊ ဥပုသ်သီလဆောက်တည်ကြခြင်းနှင့် သီလပေးဆရာတော် သံဃာတော်အရှင်သူမြတ်များအား ဆွမ်း၊ သင်္ကန်း စသည့် လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းခြင်း၊ ဥပုသ်သည်များအား နံနက်စာလှူဒါန်းခြင်း၊ မွန်းလွဲပိုင်းတွင် သံဃာတော်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

လာမည့် ဥပုသ်နေ့ စက်တင်ဘာ ၂၅ ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဓမ္မစေတီ ထေရဝါဒသာသနာပြုကျောင်းတိုက် ပဓာန နာယကဆရာတော် ဦးကောသလ္လ (M.A, Buddhism) က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်သည်။ (က-ပ)

ကျိုက္ကလော့ မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၂၃

မင်္ဂလာဒုံမြို့နယ် သမိုင်းဝင်ကျိုက္ကလော့ စေတီတော်ကြီးအနီးရှိ ကျိုက္ကလော့ ပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ဆရာတော် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ ဦးစီး၍ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို အောက်တိုဘာ ၃ရက်မှ ၉ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသူ ယောဂီများ အောက်တိုဘာ ၂ ရက် ညနေ ၅ နာရီ အရောက် လာရောက်ကြရန်နှင့် ဆွမ်းအချိုပွဲ၊ အအေးလှူဒါန်းလိုသူများ ဖုန်း-၆၃၅၆၃၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှပေးအပ်သည့် အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုကတ်ပြားများနှင့် အမျိုးသမီးရေးရာ ရင်ထိုးတံဆိပ်များကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်မေကြည်စိန်သို့ ပေးအပ်စဉ်။

(သတင်းစဉ်)

ကွန်ပျူတာဆိုင်ရာပြပွဲ ခင်းကျင်းပြသမည်

ရန်ကုန် စက်တင်ဘာ ၂၃

Integrated Computer Experties (I.C.E) ကွန်ပျူတာစင်တာနှင့် Citicom Computerတို့ ပူးပေါင်းကျင်းပသည့် IT & Electronics Fair ပြပွဲကို ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စထရင်းဟိုတယ်၌ စက်တင်ဘာ ၂၄ရက် (စနေနေ့) နှင့် ၂၅ရက် (တနင်္ဂနွေနေ့) တို့တွင် နေ့စဉ် နံနက် ၁၁နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

အဆိုပါ သတင်းအချက်အလက် နည်းပညာနှင့် အီလက်ထရွန်နစ်ဆိုင်ရာပြပွဲတွင် နည်းပညာဆိုင်ရာများ၊ ကွန်ပျူတာနှင့် ဆက်စပ်အသုံးပြုပုံများ၊ ကွန်ပျူတာနှင့် ချိတ်ဆက်ပစ္စည်း အသုံးပြုပုံများကို ရှင်းလင်းပြသမည်ဖြစ်ပြီး ဝယ်ယူအားပေးသူများအတွက် အထူးနှုန်းများ သတ်မှတ်စီစဉ်ထားသည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၂၄

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဂျပန်နိုင်ငံဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းခံရသော မစ္စတာ ဂျူနီချီရိုကိုအိဇုမိထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြောက်ဦးမြို့နယ် မြောင်းဘွေကျေးရွာ စာကြည့်တိုက်ဖွင့်လှစ် သမားတော်ကြီးများအဖွဲ့က ဒေသခံပြည်သူများအား အခမဲ့ဆေးကုသ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ စကားဝိုင်းပွဲဆွေးနွေး

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် မြောင်းဘွေကျေးရွာ စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားတွင် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက၊ ရခိုင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းနုက စာအုပ်နှင့် မဂ္ဂဇင်းများလှူဒါန်းရာ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မိုးစိန်က လက်ခံစဉ်။

(သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၃

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာသို့ ရောက်ရှိနေသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရခိုင်ပြည်နယ်တာဝန်ခံ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် စက်တင်ဘာ ၂၀ရက်တွင် မြောက်ဦးမြို့နယ် မြောင်းဘွေကျေးရွာသို့ ရောက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများကို ကြည့်ရှုစစ်ဆေးသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် မြောင်းဘွေကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သော ပညာရေးအလှူငွေ၊ စာအုပ်၊ စာရေးကိရိယာနှင့် အားကစားပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက အလှူငွေ၊ စာအုပ်၊ စာရေးကိရိယာနှင့် အားကစားပစ္စည်းများကို လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးဇော်ရွှေက လက်ခံသည်။ ထို့နောက် တိုင်းမှူး၏ဇနီးက **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✡

ဖတ်ရှုလေ့လာ

ရခိုင်ပြည်နယ်ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာတွင် ကျေးလက်စာကြည့်တိုက် ဖွင့်လှစ်ထားရာ ဒေသခံ ကျေးလက်ပြည်သူများ ဗဟုသုတ တိုးပွားရန် စာအုပ်စာတမ်းများ ဖတ်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာ စပါးခွံမီးစက်ဖွင့်ပွဲကျင်းပ ကျေးရွာမီးလင်းလာမှုကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတိုးတက် အထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများက ဒေသခံပြည်သူများအား အခမဲ့ကုသပေး လူမှုရေးအသင်းအဖွဲ့များက ကျေးလက်စကားဝိုင်းများပွဲပြီး ကျေးလက်ပြည်သူများနှင့် ဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၃

နိုင်ငံတော်အစိုးရသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ဟူ၍ ဖွံ့ဖြိုးရေးစီမံကိန်းသုံးရပ်ချမှတ်ပြီး ပြည်ထောင်စုတစ်ဝန်းလုံး ကွက်လပ်မကျန် မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းသုံးခုကို အရှိန်အဟုန်မြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယနေ့တွင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုသည် ရှေးကနှင့်မတူတော့ဘဲ သိသိသာသာ ပြောင်းလဲဖြစ်ပေါ် တိုးတက်လျက်ရှိနေသည်။ မြို့ကြီးပြကြီးများတွင်သာမက ကျေးလက်ဒေသများအားလုံးပါမကျန် ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြို့ပြနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍